မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၄၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး နှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချီလီနိုင်ငံသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁၈

၂၀၀၇ခုနှစ် စက်တင်ဘာ ၁၈ရက်တွင် ကျရောက်သော ချီလီသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ချီလီသမ္မတနိုင်ငံ သမ္မတ မစ်(စ)မီရှဲလ်ဘရှက်လက်ဟဲရီယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးနှင့်ပတ်သက်၍ အမျိုးသားအဆင့် စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံရေး ယန္တရားတစ်ရပ်ထူထောင်ရန် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးအတွက် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

တပ်မတော်အနေဖြင့် တပ်သားသစ်များစုဆောင်းရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နေ မြန်မာ့တပ်မတော်တွင် ကလေးစစ်သည်များကို အသုံးပြုနေသည်ဟု ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက် အဆိုးမြင်ဝါဒီများ မဟုတ်မမှန်စွပ်စွဲ

စွပ်စွဲချက်များမှန်ကန်မှုမရှိ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၇

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးနှင့်ပတ်သက်၍ အမျိုးသားအဆင့် စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံရေးယန္တရားတစ်ရပ်ထူထောင်ရန် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ုထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်)

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများမြှင့်တင် မျက်စိဝေဒနာရှင်အား စက္ခုအလင်းဆောင်ရေးဖော်ဆောင်

မျက်စိသည် လူ၏ခန္ဓာကိုယ်အာရုံငါးပါးတွင် အမြင်အာရုံကို ပေးစွမ်းနိုင်ခြင်းကြောင့် အရေးကြီးဆုံးအရာ ဖြစ်သည်။ အမြင်အာရုံဆုံးရှုံးလျှင် ဘဝပါဆုံးရှုံးသည်ဟု ယူဆလေ့ရှိခြင်းကြောင့် မျက်စိ၏တန်ဖိုးသည်ကား လွန်စွာကြီးမားသည်။

မျက်စိရောဂါဝေဒနာများ မခံစားရစေရန် မျက်စိတွင်ဖြစ်တတ်သော ရောဂါများနှင့်ပတ်သက်၍ လေ့လာသိရှိထားသင့်သည်။ ထောင့်ကျယ်ရေတိမ်ရောဂါ၊ ထောင့်ကျဉ်းရေတိမ်ရောဂါနှင့် အတွင်းတိမ်ရောဂါတို့သည် မျက်စိတွင်ဖြစ်ပွားတတ်သော ရောဂါများဖြစ်သည်။

ထောင့်ကျယ်ရေတိမ်ရောဂါသည် မသိမသာဖြစ်နေပြီး မျက်စိနီ ကိုက်မှုန်ခြင်းမရှိဘဲ ဆရာဝန်နှင့် ဆောလျင်စွာပြသမှသာ ရောဂါရှိကြောင်း သိနိုင်သည်။ အသက်လေးဆယ်ကျော်လျှင် ထောင့်ကျယ်ရေတိမ်ရောဂါဖြစ်တတ်၍ မျက်စိကုဆေးရုံသို့ သွားရောက် စမ်းသပ်သင့်သည်။

ထောင့်ကျဉ်းရေတိမ်ရောဂါလက္ခဏာများမှာ ခေါင်းကိုက်ခြင်း၊ ဇက်ထိုးခြင်း၊ အော့အန်ခြင်း၊ မျက်စိနီ ကိုက်မှုန်ခြင်း တို့ဖြစ်သည်။ မျက်စိတစ်ဖက်ဖြစ်လျှင် အခြားတစ်ဖက်ကို ကြိုတင်ကုသသင့်သည်။

မျက်စိအတွင်းတိမ်ရောဂါမှာ မျက်စိထဲရှိ မှန်ဘီလူးသည် အသက်အရွယ်ကြောင့် နောက်သွားခြင်း၊ မှုန်ဝါးဝေဝါးခြင်း ဖြစ်သည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများတွင် ဖြစ်လေ့ဖြစ်ထရှိသော မျက်စိရောဂါဖြစ်သည်။ထို့အပြင် မျက်ခမ်းစပ် ရောဂါသည်လည်း စက္ခုအာရုံကို ထိခိုက်စေနိုင်သော ရောဂါဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန မျက်ခမ်းစပ်နှင့် မျက်မြင်ကာကွယ်ရေး စီမံကိန်းက စီစဉ်ဆောင်ရွက်မှုဖြင့် မိတ္ထီလာခရိုင် မလှိုင်မြို့၌ စက်တင်ဘာ ၇ ရက်မှ ၁၈ ရက်အထိ မျက်စိဝေဒနာရှင် ၂၀၁၂ ဦးအား အခမဲ့ ကွင်းဆင်းကုသ၊ ခွဲစိတ်ကုသ ပေးနိုင်ခဲ့သည်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် မန္တလေးတိုင်း တောင်သာမြို့နယ်၊ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်နှင့် သုံးခွမြို့နယ်တို့၌လည်း အလင်းအလှူပွဲများ ကျင်းပလျက် မျက်စိ ဝေဒနာရှင်များအား မျက်စိစမ်းသပ်ခြင်း၊ ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

သို့ဖြစ်ရာ မျက်စိနှင့်ပတ်သက်သော အသိပညာများ ဖြန့်ဝေပေးခြင်း၊ မျက်စိဝေဒနာရှင်များအား ရှာဖွေကုသပေးခြင်းတို့ဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိခင်ကြီး ဒေါ်တင်တင်မြင့် တစ်နှစ်ပြည့်အားရည်စူး၍ အမှတ် (၂၇) ရတနာလမ်း ကျောက်ကုန်း ရန်ကင်းမြို့နယ်နေ သမီးဒေါက်တာဥမ္မာမြင့်နှင့် မောင်နှမတစ်စုက ဗဟန်းမြို့နယ်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် တည်ဆောက်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၁၈–၉–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ် ချိုနှားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန် ဂီတသံ
၄:၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	ပညာခေတ်
၅:၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	အမျိုးသားရေး တေးကဗျာ
၆:၂၅	၁၂။	လျှပ်တစ်ပြက်
၆:၄၀	၁၃။	ဝတ်စားဆင်ယင် လှစေချင်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း–၃၄)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	မွေးမြူသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ်ရာများနှင့် နှလုံးသား** (အပိုင်း–၁)

တွဲဖက်အထွေထွေအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း ခရိုင်နှင့်မြို့နယ် အသင်းအလုပ်အမှုဆောင်များနှင့် တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် စက်တင်ဘာ၁၄ရက်မွန်းလွဲပိုင်းက မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ သရက်ခရိုင် သရက်၊ အောင်လံနှင့် ဆင်ပေါင်ဝဲမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာ



အုပ်စု စည်းရုံးရေးမှူးများအား တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း(**အပေါ်ပုံ**)က ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင်တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ သောက်သုံးရေ ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ရေး၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာထက်မြက်ရေးနှင့် လူမှုရေးစောင့်ရှောက်မှု လုပ်ငန်းများကို ယခုထက် ပိုမိုပါဝင်လုပ်ကိုင်ကြရေးတို့ကို အကျယ်တဝင့်ဆွေးနွေးမှာကြားခဲ့ကြောင်းသတင်း ရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသည့် ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး မြန်မာ့ဂုဏ်ရည်လမ်းအမှတ် ၁၀၄ နေ ဦးဉာဏ်–ဒေါ်ခင်ရီ မိသားစုက အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြို့မရမ်းချို အောင်သစ္စာကျောင်းတိုက် မိုးရာသီ အထူးတရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၁၇

မွန်ပြည်နယ် ကျိုက်ထိုမြို့ မြို့မရမ်းချို အောင်သစ္စာ ပရိယတ္တိစာသင်တိုက် ပထမအကြိမ် မိုးရာသီ မဟာသတိပဋ္ဌာန် ဝိပဿနာတရားစခန်းပွဲကို စက်တင်ဘာ ၂၁ရက်မှစ၍ ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ(၁၁)ဘွဲ့ရ ကျိုက်ထိုဆရာတော်ကိုယ်တိုင် ဦးစီး၍ ဖြူးဆရာတော်ကြီး၏တပည့် ရွှေသာစည်ဆရာတော် အရှင်ဝိစိတ္တသာရ (ဓမ္မာစရိယ ဝိနယဝိဒူ မဟာစည်နယ်လှည့်ဓမ္မကထိကကမ္မဋ္ဌာနာစရိယ)နှင့် ကျိုက်ထိုဆရာတော်၏တပည့် သံဃာတော်များက မဟာသတိပဋ္ဌာန် ဝိပဿနာ အလုပ်ပေး တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ယောဂီများသည် ဖုန်း–၀၅၇–၆၀၂၃၈ နှင့် ၀၉–၅၃–၂၂၅၅၇တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

* ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင်များ ဖြစ်ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့်ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်သည်အဖြစ်စုဆောင်းခြင်းကို ဟန့်တားကာကွယ်ရန်၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန်နှင့် အရွယ်မရောက်သေးသူကလေးသူငယ်များအား အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာစေရန်တို့အတွက် မိမိဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခွင့်ရသော အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို ၂၀၀၄ခုနှစ် ဇန်နဝါရီ၅ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း။

စီမံကိန်းချမှတ်

အဆိုပါကော်မတီသည် အသက်(၁၈)နှစ် မပြည့်သေးသူကလေးသူငယ်များအား လက်နက်ကိုင်တပ်ဖွဲ့များသို့ စုဆောင်းခြင်း မပြုစေရန်အတွက် တင်းတင်းကျပ်ကျပ်စိစစ်ရန် လုပ်ငန်းစီမံကိန်းကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ခြင်းကို စနစ်တကျကြီးကြပ်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သော နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်သော လုပ်ငန်းအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ကြောင်း။

ကြပ်မတ်ဆောင်ရွက်

မိမိတို့အနေဖြင့် တပ်သားသစ်များ စုဆောင်းရာတွင် အရွယ်မရောက်သေးသော ကလေးသူငယ်များအား အတင်းအကျပ်တပ်သားသစ်များအဖြစ် စုဆောင်းခြင်းကို ကာကွယ်တားဆီးရန်၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်ရန်နှင့် ယင်းသို့ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်အတွက် မိမိတို့ ကော်မတီအနေဖြင့် တစိုက်မတ်မတ် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့တပ်မတော်အနေဖြင့် တပ်သားသစ်များကိုစုဆောင်းရာတွင် သတ်မှတ်ထားသည့်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်နေသော်လည်း ပြည်တွင်းပြည်ပဆန့်ကျင်ဘက်၊ အဆိုးမြင်ဝါဒီများအနေဖြင့် မြန်မာ့တပ်မတော်တွင် ကလေးသူငယ်များရှိနေသည်၊ ရှေ့တန်းစစ်ဆင်ရေးများတွင် ကလေးစစ်သည်များကို အသုံးပြုနေသည်စသည်ဖြင့် မဟုတ်မမှန် စွပ်စွဲပြီး မိမိတို့အား ဝါဒဖြန့်ထိုးနှက် တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိနေကြကြောင်း။

အခြေအနေမှန်

အဆိုပါ စွပ်စွဲချက်များ မှန်ကန်မှုမရှိကြောင်းကိုလည်း မိမိတို့အနေဖြင့် သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍လည်း မိမိတို့ဆောင်ရွက်လျက်ရှိသည့် အခြေအနေမှန်များကို သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများသို့ ဆက်လက်အသိပေးသွားရန် လိုကြောင်း။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂနှင့် အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ခဲ့သည့်အစဉ်အလာအရ ကုလသမဂ္ဂကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရ်ဆွာမိ မြန်မာနိုင်ငံသို့ ၂၀၀၇ခုနှစ် ဇွန်၂၅ ရက်မှ ၂၉ရက်အထိ လာရောက်ခဲ့သည့် ခရီးစဉ်တွင် မိမိနှင့်တွေ့ဆုံပြီး အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုချက်များ ပေးသွားသည်များရှိကြောင်း၊ ကလေးသူငယ်စစ်သည် ကိစ္စနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ကို Focal Point အဖြစ် သတ်မှတ်ပေးခဲ့သဖြင့် လုပ်ငန်းများ ပီပြင်စွာဆောင်ရွက်နိုင်တော့မည်ဟု ပြောကြားခဲ့ကြောင်း။

သတ်မှတ်ပေးထား

ထို့အပြင် ကုလသမဂ္ဂဌာနေအဖွဲ့နှင့် ဆက်သွယ်ရာတွင် ပိုမိုလွယ်ကူထိရောက်စေရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား Focal Point အဖြစ် သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း။

ယခုမြန်မာနိုင်ငံက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်ကို ပိုမိုထိရောက်မှုရှိစေမည့် အမျိုးသားအဆင့် စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်သွင်းရေးယန္တရားတစ်ရပ် ထူထောင်ရေးအတွက် လုပ်ငန်းအဖွဲ့ တစ်ဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများက ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးနှင့် မိမိတို့၏ မှန်ကန်သော ဆောင်ရွက်ချက်များကို နိုင်ငံတကာက သိမြင်နားလည်ပြီး အဖျက်အမှောင့်သမားများ၏ မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများ ပပျောက်သွားစေရေးတို့အတွက် သံတမန်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ အလုပ်သမားရေးရာကဏ္ဍနှင့် တပ်မတော်ဆိုင်ရာကဏ္ဍ စသည့် သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ညွှန်ကြားစစ်ဆေးစီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သတင်းစာပညာသင်တန်းမှတစ်ဆင့် မီဒီယာကိုမြှင့်တင်တည်ဆောက်လုပ်ငန်းဆောင်ရွက်တိုင်း နိုင်ငံနှင့်လူမျိုးအကျိုးဘက်က ရပ်တည် အရည်အသွေးမြင့်မားသော သတင်းစာများထုတ်လုပ်နိုင်ရေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၇)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် သင်တန်းခန်းမ၌ ကျင်းပသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၇)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝါရင့် သတင်းစာဆရာကြီးများ၊ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များနှင့် စာတည်းမှူးများ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းကျောင်းအုပ်ကြီး၊ သင်တန်းမှူးနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အရည်အသွေးမြင့်မား

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးကိုယ်စားသတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်လိုက်သည့် သတင်းစာပညာသင်တန်းသည် (၁၃) ကြိမ်မြောက်ဖွင့်လှစ်သည့် သင်တန်း ဖြစ်ကြောင်း၊ သင်တန်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက် သုံးရပ်ရှိကြောင်း၊ ယင်းရည်ရွယ်ချက်များမှာ သင်တန်းသားသင်တန်းသူများ သတင်းစာပညာနှင့် သတင်းစာလုပ်ငန်းတို့ကို အခြေခံအားဖြင့်တတ်မြောက်နိုင်စေရန်၊ သင်တန်းသား သင်တန်းသူများ၏ ရှိပြီးသားလုပ်ငန်းကျွမ်းကျင်မှုအရည်အသွေးများ ပိုမိုမြင့်မားစေရန်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အရည်အသွေးများ ပိုမိုမြင့်မားလာစေရန်၊ နိုင်ငံနှင့် လူမျိုးအကျိုးဘက်က အမြဲတမ်းရပ်တည်ပြီး အစဉ်သွက်လက်ထက်မြက်၍ အရည်အသွေး မြင့်မားသည့် သတင်းစာ ထုတ်လုပ်သွားနိုင်စေရန် တို့ပင်ဖြစ်ကြောင်း။

မားမားမတ်မတ်ရပ်တည်

ဤသင်တန်းသည် နိုင်ငံနှင့်လူမျိုးအတွက်သာမက သတင်းလောကအတွက်ပါ အရေးကြီးပြီး အလွန်လိုအပ်သည့် သင်တန်းဖြစ်ကြောင်း၊ သတင်းစာပညာ သင်တန်းမှတစ်ဆင့် မီဒီယာကို မြှင့်တင်တည်ဆောက်ပေးခြင်းဖြင့် သင်တန်းသား သင်တန်းသူများနှင့် နိုင်ငံအတွက်ပါ အလွန်အကျိုးဖြစ်ထွန်းစေသည်ဟု ပြောကြားလိုကြောင်း၊ မိမိတို့၏ မီဒီယာလုပ်ငန်းများ ဆောင်ရွက်တိုင်း တိုင်းပြည်နှင့်လူမျိုးအကျိုးဘက်က မားမားမတ်မတ် ရပ်တည်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း စသည်ဖြင့် အကျယ်တဝင့်ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရက်သတ္တပတ် ၁၀ပတ်

အဆိုပါ သတင်းစာပညာသင်တန်းသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ သင်တန်းသား သင်တန်းသူ၃၀၊ ပညာရေးဝန်ကြီးဌာနမှသင်တန်းသားသင်တန်းသူ ၁၈ဦးနှင့် မြဝတီရုပ်မြင်သံကြားမှ သင်တန်းသူနှစ်ဦးအပါအဝင် စုစုပေါင်း သင်တန်းသား သင်တန်းသူ ၅၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ၁၇ရက်မှ နိုဝင်ဘာ၂၃ရက်အထိ ရက်သတ္တပတ် ၁၀ပတ်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မလွန်ဆန်လှူ ဘုရားဖူးနှင့်လေ့လာရေးခရီးထွက်မည်

ရန်ကုန် စက်တင်ဘာ ၁၇

မော်လမြိုင်ကျွန်းမြို့နယ် မလွန်ဆန်လှူ အသင်းထောက်အဖွဲ့မှ ကြီးမှူး၍ (၁၁၁)ကြိမ်မြောက် မလွန်ဆန်လှူ ရေစက်ချပွဲ၊ အမရပူရမဟာဂန္ဓာရုံကျောင်း၊ မင်းကွန်းတိ/နိကျောင်းမှ ဆရာတော်၊ သံဃာတော်များကို ဆွမ်းကပ်၍ မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ မြစ်ကြီးနား၊ အင်းတော်ကြီး၊ ရွှေမဉ္ဇူ၊ ဗန်းမော်၊ လိုင်ဇာ၊ မူဆယ်၊ ရွှေလီ၊ လားရှိုး၊သီပေါ၊ ဘော်ကြိုခရီးစဉ်ကို စက်တင်ဘာ၂၂ရက် နံနက် ၅နာရီတွင် ရန်ကုန်မှ စတင်ထွက်ခွာမည်ဖြစ်ရာ လိုက်ပါလိုသူများသည် ဖုန်း–၂၄၀၈၆၀၊ ၃၇၂၂၉၀၊ ဦးခင်ဝင်းမောင် (အတွင်းရေးမှူး) အမှတ် ၁၆၊ ၆လမ်း၊ မော်လမြိုင်ကျွန်းမြို့ ဖုန်း–၀၄၂–၅၀၄၂၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မိုးလေဝသအခြေအနေ

၁၈–၉–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရွှေပါရမီသွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၇

ရွှေပါမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ ဒါယိကာမများ၏ ဒါနဥပပါရမီ မေတ္တာသွေးစုပေါင်းလှူဒါန်းပွဲကို စက်တင်ဘာ ၂၃ရက် (တနင်္ဂနွေနေ့) နံနက်၉ နာရီမှ မွန်းလွဲ၂နာရီအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ဆရာတော်နှင့်အတူ လာရောက်သွေးလှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၉–၂၀၀၇ (အင်္ဂါနေ့)

AM / PM

၇:၀၀	– ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	– ၁:၀၅	ပတ္တမြားလေးလုံးနဲ့အပြီး လူသားတရားတော် (သီတဂူကြယ်တစ်ပွင့်ဆရာတော် အရှင်ပညာနန္ဒ)
၇:၅၀	– ၁:၅၀	"သာသနာ့အကျိုးမျှော် ဂုဏ်ပြုပူဇော် မွေးနေ့အလှူတော်"
၈:၀၅	– ၂:၀၅	တေးဂီတအစီအစဉ်
၈:၁၀	– ၂:၁၀	Sunday Talk
၉:၀၅	– ၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	– ၃:၁၅	တေးဂီတအစီအစဉ်
၉:၂၀	– ၃:၂၀	သီးပွင့်ဝေဆာ၊ ပဒေသာ (ကျွဲကော)
၉:၃၀	– ၃:၃၀	တေးဂီတအစီအစဉ်
၉:၃၅	– ၃:၃၅	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (Lwin Moe Travelling)
၁၀:၀၀	– ၄:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅	– ၄:၀၅	နာတာရှည်ကျောက်ကပ်အလုပ်မလုပ်(သို့)အားနည်းရောဂါအကြောင်း(ပါမောက္ခဒေါက်တာခင်မောင်ဌေး)
၁၀:၃၅	– ၄:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	– ၄:၄၀	မိုးလေဝသခန့်မှန်းချက်
၁၀:၄၅	– ၄:၄၅	နတ်လူသာဓုခေါ်စေသော တောင်ငူမြို့ရဲ့ရွှေဆံတော်
၁၁:၀၀	– ၅:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	– ၅:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅	– ၅:၁၅	စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး **"ချင်းစိုက်ပျိုးနည်း"**
၁၁:၂၅	– ၅:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀	– ၅:၃၀	မြန်မာ့လက်ဖက်ရဲ့တွဲဖက် အဖော်ကြက်သွန်မွှမွှကြော်
၁၂:၀၅	– ၆:၀၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၂:၁၀	– ၆:၁၀	Music Gallery (ချစ်သူ့လက်ဆောင်–၁)
၁၂:၄၀	– ၆:၄၀	ယှဉ်ပြိုင်သိုင်းအားကစား အိုလံပစ်ဖလား
၁:၀၀	– ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂ : ၃၀	AC Milan-Benfica	Star Sport(Live)
၁ : ၀၀	Porto-Liverpool	ESPN(Live)
၃ : ၃၀	Chelsea-Rosenborg	ESPN(Live)

ပြည်ထောင်စုတစ်ဝန်း ဆည်တမံအစုအဖွဲ့များ ပေါ်ထွန်းလာမှု စိုက်ပျိုးရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်ယူရေးကို အကျိုးပြု

မြင့်မောင်စိုး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်ရန် ရေရရှိရေးသည် အဓိကဖြစ်သည်။ စိုက်ပျိုးရေ အလုံအလောက်ရှိပါက စိုက်ပျိုးသော ကောက်ပဲသီးနှံများအောင်မြင်ဖြစ်ထွန်းမည် ဖြစ်သည်။

နိုင်ငံတော်က စီးပွားတိုးတက်မှုမြင့်တင်နိုင်ရန်အတွက် လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ၏ ပင်မစီးပွားရေး ထုတ်ကုန်လုပ်ငန်းကြီးတွင် လယ်ယာကဏ္ဍသည် အခြေခံကျသည့် ကဏ္ဍကြီး ဖြစ်သည်။

ထိုသို့ နိုင်ငံ၏စီးပွားရေးအခြေခံကျသည့် လယ်ယာကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ တောင်သူများ၏ အဓိကစိုက်ပျိုးရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဆည်မြောင်းတာတမံများ၊ ရေလှောင်တမံများ၊ မြစ်ရေတင်စီမံကိန်းများ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြန့်ကြက် အကောင်အထည်ဖော်တည်ဆောက်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်က အခြားသော ဒေသများ၌ အဓိကရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဆည်အစုအဖွဲ့များ တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်အတွင်း စီးဆင်းသည့် မြစ်ချောင်းများမှာ နှစ်စဉ် ရေဧကပေ သန်း ၈၇၀ ရှိသော်လည်း ယင်းအနက် ၆ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးမှုအတွက် အသုံးချနိုင်သေးသည်။ ရေသယံဇာတများ တိုးမြှင့်ဖော်ထုတ် အသုံးပြုနိုင်အောင် နည်းလမ်းခြောက်သွယ်ဖြင့် ဆောင်ရွက်ခဲ့သည်။

ယင်းတို့မှာ–

(၁) ဆည်၊ မြောင်း၊ တာတမံများ အသစ်တည်ဆောက်ခြင်း၊

(၂) ရေဝေရေလဲ ဧရိယာမှ စီးဆင်းသည့်ရေများကို အပြည့်အဝအသုံးချရေး စီမံဆောင်ရွက်ပေးခြင်း၊

(၃) တည်ဆောက်ပြီး ဆည်မြောင်း တာတမံများမှ ဆည်ရေကို ထိရောက်စွာ ရေပေးသွင်းနိုင်ရန်နှင့် ရေပိုမို သိုလှောင်နိုင်ရန် ပြုပြင်ခြင်း၊

လုပ်ငန်းများကို ငွေကြေးအင်အား၊ လူအင်အား၊ စက်ပစ္စည်းအင်အား အလုံးအရင်းဖြင့် မိမိတို့ ပြည်တွင်းအင်ဂျင်နီယာများဖြင့် တည်ဆောက်ခဲ့ရာ နိုင်ငံအနှံ့ ဆည်အစုအဖွဲ့များ ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည်။ ၁၉၈၈–၁၉၈၉ ခုနှစ်မှ၂၀၀၇ခုနှစ် ဩဂုတ်လကုန် အထိ ဆည်မြောင်းစီမံကိန်း ၂၀၂ခု တည်ဆောက်ခဲ့ပြီး ဖြစ်သည်။ ဆက်လက်၍ ဆည်မြောင်း စီမံကိန်းများ ဆက်လက် အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့ ဆည်မြောင်းစီမံကိန်းများ တည်ဆောက် ပေးနိုင်ခဲ့မှုကြောင့် ၁၉၈၇–၁၉၈၈ ခုနှစ်က စိုက်ပျိုးဧရိယာ ၁၂ဒသမ၅ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၂၀၀၆–၂၀၀၇ခုနှစ်တွင် ၁၉ရာခိုင်နှုန်း အထိ တိုးတက်လာခဲ့သည်။

နိုင်ငံတော်က ဆည်တမံအစုအဖွဲ့များနိုင်ငံတစ်ဝန်းဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိရာတွင် စိုက်ပျိုးရေး အကျိုးဖြစ်ထွန်းရုံမက အချို့ဒေသများတွင် လျှပ်စစ်ဓာတ်အားပါ ထုတ်ယူနိုင်သည့် ဘက်စုံစီမံကိန်းကြီးများ ပါဝင်သည်။

ယနေ့ နိုင်ငံတော်က ပြည်သူများစားဝတ်နေရေး၊ လူမှုစီးပွားဘဝ အခြေခံကောင်းများ တိုးတက်မြင့်မားလာရေးအတွက် ဆည်တမံ အစုအဖွဲ့များ တည်ဆောက်ပေးခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာသကဲ့သို့ လျှပ်စစ်ဓာတ်အားပါ ထုတ်ယူသုံးစွဲလာနိုင်။

ထိုသို့ ဖော်ဆောင်ပေးရာတွင် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်သည့် မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် အများဆုံးဖြစ်သည်။ အခြားသော ပြည်နယ်နှင့် တိုင်းများ၌လည်း စိုက်ပျိုးရေး ဖြစ်ထွန်းနိုင်ခြေနှင့် အလားအလာများကို တွက်ချက်လျက် ဆည်အစုအဖွဲ့များ တိုးတက် တည်ဆောက်ပေးနေသည်။

(၄) မြစ်ချောင်းများမှ ရေလျှံချိန်တွင် အင်း၊ အိုင်၊ ချိုင့်ဝှမ်းများ အတွင်းသို့ ရေသွင်း သိုလှောင်ထားရှိခြင်း၊

(၅) မြစ်ချောင်းများမှ ရေကို စက်ဖြင့် စုပ်တင်ခြင်း၊

(၆) မြေအောက်ရေ ထုတ်ယူသုံးစွဲခြင်း တို့ဖြစ်သည်။

၁၉၈၈ခုနှစ် နောက်ပိုင်း နိုင်ငံတော် အစိုးရက ဆည်တမံ တည်ဆောက်ရေး

ပဲခူးတိုင်း ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်တွင် တည်ဆောက်ပြီးစီးသွားသည့် ရဲနွယ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

ယင်းတို့တွင် ဧရာဝတီမြစ်ဝှမ်း (အထက်ပိုင်း)၌ ရဲရွာစီမံကိန်း၊ ရွှေလီစီမံကိန်း၊ သဖန်းဆိပ်စီမံကိန်း၊ မုန်းချောင်းစီမံကိန်း၊ ပေါင်းလောင်းစီမံကိန်းတို့ကို တွေ့ရမည်ဖြစ်သည်။

အလားတူ ချင်းတွင်းမြစ်ဝှမ်း၌လည်း တမံသီ စီမံကိန်း၊ မဏိပူရ စီမံကိန်း၊ မြစ်သာ စီမံကိန်း၊ ရွှေစာရေး စီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သံလွင်မြစ်ဝှမ်း၌လည်း ကျိုင်းတောင်း စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိပြီး သံလွင်တာဆန်း စီမံကိန်းကိုလည်း အကောင်အထည်ဖော် တည်ဆောက်ရန် ပြင်ဆင်လျက်ရှိသည်။

ဧရာဝတီမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်း၊ သံလွင်မြစ်ဝှမ်းနှင့် စစ်တောင်းမြစ်ဝှမ်း တစ်လျှောက်တွင် စိုက်ပျိုးရေရရှိရေး စီမံကိန်းများသာမက ရေအားလျှပ်စစ် ထုတ်ယူနိုင်သည့် အရင်းအမြစ် အသေး၊ အလတ်၊ အကြီး အားလုံးတို့ကို လေ့လာလျက် ဆက်လက်ဖော်ဆောင်ပေးလျက် ရှိသည်။

ထိုသို့ ဆည်တမံများ တည်ဆောက်ရာတွင် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် တွဲဖက်ဆောင်ရွက်လာခဲ့သဖြင့် ယနေ့အခါ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ယခုအခါ တည်ဆောက်ပြီးစီးသွားသော ဆည်တမံအချို့၌ ဆည်ရေကို အသုံးပြုလျက် အသေးစား ရေအားလျှပ်စစ် စီမံကိန်းများလည်း တိုးချဲ့တည်ဆောက်ပေးလျက် ရှိသဖြင့် ကျေးလက်ဒေသနေ ပြည်သူများ၏ဘဝ ပိုမိုသာယာလာပြီ ဖြစ်သည်။

၂၀၀၇ခုနှစ် ဩဂုတ်လ ၁၉ရက်နေ့က မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တည်ဆောက်ပြီးစီးသွားသော ငွေချိုရေလှောင်တမံကို၂၀၀၇ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

အဆိုပါ ငွေချိုရေလှောင်တမံသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် တည်ဆောက်ပေးခဲ့သော ရေလှောင်တမံများတွင် ၂၀၂ခုမြောက် ရေလှောင်တမံဖြစ်သည်။

နိုင်ငံတော်က ပခုက္ကူခရိုင်အတွင်းရှိ ပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေစေရန် ဆည်အစုအဖွဲ့များ အပြင် အခြားစီးပွားရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တည်ဆောက်ပေးနေသည်။ ယင်းစီမံကိန်းလုပ်ငန်းကြီးများအတွက် နိုင်ငံတော်က ငွေကျပ်သန်းပေါင်းများစွာ အကုန်အကျခံ တည်ဆောက်ပေးနေခြင်း ဖြစ်သည်။

ထိုသို့ ဆည်အစုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းများ၊ ပခုက္ကူဒေသ၌ အဆက်မပြတ် တည်ဆောက်ပေးနေခြင်းသည် ယင်းဒေသရှိ တိုင်းရင်းသားပြည်သူများအပေါ် အစဉ်ထားရှိသည့် နိုင်ငံတော်၏ စေတနာမှန်ပင် ဖြစ်သည်။

နိုင်ငံတစ်ဝန်း ဆည်အစုအဖွဲ့များ ပေါ်ထွန်းလာပြီဖြစ်၍ ဒေသနေတောင်သူ လယ်သမားများ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားအထိ စိုက်ပျိုးလာနိုင်ကြပြီ ဖြစ်သည်။

အထူးသဖြင့် ဆည်ရေဖြင့် စပါးကို အထူးအားထား စိုက်ပျိုးလာနိုင်သည်။ ယခုအခါ တောင်သူများသည် ဆည်ရေဖြင့် မိုးစပါးသာမက နွေစပါးကိုပါ တိုးချဲ့ စိုက်ပျိုးလာနိုင်သည်။ ဆည်အစုအဖွဲ့များ ပေါ်ထွန်းလာသဖြင့် နိုင်ငံတော်၏ စပါးစိုက်ပျိုးထုတ်လုပ်မှု ရည်မှန်းချက်ဖြစ်သည့် တစ်နှစ်လျှင် စပါးတင်းသန်းပေါင်း ၁၅၀၀ ထွက်ရှိရေးကို ဖြည့်ဆည်းပေးလျက်ရှိသည်။

စိုက်ပျိုးရေ လုံလောက်စွာ ရရှိနေပြီဖြစ်၍ စပါးအပြင် အခြားသော သီးနှံများဖြစ်သည့် ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကိုပါ တိုးချဲ့ စိုက်ပျိုးလာနိုင်ကြပြီ ဖြစ်သည်။

ဆည်တမံအစုအဖွဲ့များတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြန့်ကြက်တည်ဆောက်ပေးနိုင်မှုကြောင့် ကျေးလက်နေ ပြည်သူများ ဝမ်းစာဖူလုံသည့်အပြင် ဒေသ၌ သစ်တောသစ်ပင်များ စိမ်းလန်းသာယာလာပြီ ဖြစ်သည်။ ယခင်က တောင်ကတုံး၊ လွင်တီးခေါင်ဒေသများသည် ယခုအခါ မြစိမ်းရောင်လွှမ်းလျက် စိမ်းလန်းနေပြီ ဖြစ်သည်။

ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် တိုးတက်လာခြင်းနှင့်အတူ မွေးမြူရေးလုပ်ငန်းများလည်း တိုးတက် ဆက်စပ် ဖြစ်ထွန်းလာသည်။ ရေ၊ မြေ၊ စားကျက်များကို အခြေခံဖြစ်ထွန်းသည့် ဆိတ်၊ သိုး၊ နွား၊ ကြက်၊ ဝက် မွေးမြူရေးလုပ်ငန်းများလည်း တစ်ပိုင်တစ်နိုင် လုပ်ကိုင်နိုင်ကြပြီ ဖြစ်သည်။

တစ်ချိန်က ရေအခက်အခဲကြောင့် ရေရှားပါးလွန်း၍ "ငွေကို မလို ရေကိုသာလိုသည်" ဆိုသည့် တောင်သူဦးကြီးများ နိုင်ငံတော်က ဆည်တမံ အမြောက်အမြား တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်၍ ဝင်ငွေတိုးပွား စီးပွားဖြစ်ထွန်းလျက်ရှိသည်။

နိုင်ငံတစ်ဝန်း ဆည်အစုအဖွဲ့များ ဖြစ်တည် ပေါ်ထွန်းလာပြီ ဖြစ်၍ နိုင်ငံ၏ လူဦးရေအများဆုံး တည်ရှိရာ ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးလာတော့မည်ဖြစ်သည်။ ကျေးလက်ဒေသကို အခြေခံသည့် ထုတ်ကုန်လုပ်ငန်းများ တစ်စတစ်စ ဖွံ့ဖြိုးလာနေပြီ ဖြစ်သည်။

ဤဖြစ်စဉ် အကြောင်းတရားများကို ပြန်လည်ဆန်းစစ်ကြည့်လျှင် နိုင်ငံတော်အစိုးရက ပြည်သူများအပေါ် စားဝတ်နေရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိသာထင်ရှားပေသည်။

သို့ဖြစ်ရာ **ယနေ့ နိုင်ငံတော်က ပြည်သူများ စားဝတ်နေရေး၊ လူမှုစီးပွားဘဝ အခြေခံကောင်းများ တိုးတက်မြင့်မားလာရေး အတွက် ဆည်တမံအစုအဖွဲ့များ တည်ဆောက်ပေးခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက် ဖြစ်ထွန်းလာသကဲ့သို့ လျှပ်စစ်ဓာတ်အားပါ ထုတ်ယူသုံးစွဲလာနိုင်လျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။**

မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ငွေချိုကျေးရွာအနီး ဆင်မဝင်းချောင်းကိုပိတ်၍ တမံအလျားပေ ၁၅၀၀၀၊ အမြင့် ၅၇ပေရှိပြီး လယ်မြေဧက ၄၀၀ ဆည်ရေပေးဝေနိုင်မည့် ငွေချိုရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို ရှင်မတောင်တောင်တန်း နောက်ခံပြု၍ ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ရန်ကုန်တိုင်း အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ကျင်းပ စာစီစာကုံးပြိုင်ပွဲနှင့် အချက်အပြုတ်ပြိုင်ပွဲ ဆုရသူများအား ဆုချီးမြှင့်

တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ရန်ကုန်တိုင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်းအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားပြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအထက်တန်းအဆင့် ပထမဆုရ ခရမ်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မဒေဝီသက်ထား၊ ဒုတိယဆုရ စမ်းချောင်းမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ မဇင်သူသူထွန်းနှင့် တတိယဆုရ မင်္ဂလာဒုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မသဇင်မွန်၊ အခြေခံပညာအလယ်တန်းအဆင့် ပထမဆုရလမ်းမတော်မြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မမိုးမိုးဦး၊ ဒုတိယဆုရ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ မသဥ္ဇာမိုးနှင့် တတိယဆုရ အင်းစိန်မြို့နယ်အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မောင်အုန်းဝင်းသိန်း၊ အခြေခံပညာမူလတန်းအဆင့် ပထမဆုရ ပန်းဘဲတန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မောင်မျိုးမြင့်၊ ဒုတိယဆုရ လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မမြတ်သဥ္ဇာနှင့် တတိယဆုရ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မသန္တာမိုးထက် တို့အား ဆုများချီးမြှင့်သည်။

ဆုများချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ကိုယ်ဝန်ဆောင်မိခင် အာဟာရအချက်အပြုတ်ပြိုင်ပွဲ၌ ပထမဆုရ ကျောက်တံတားမြို့နယ်၊ ဒုတိယဆုရ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တတိယဆုရ လှည်းကူးမြို့နယ်နှင့် နှစ်သိမ့်ဆုရ ခရမ်းမြို့နယ်တို့မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းများအားလည်းကောင်း၊ နို့တိုက်မိခင် အာဟာရ အချက်အပြုတ်ပြိုင်ပွဲတွင် ပထမဆုရ ပုဇွန်တောင်မြို့နယ်၊ ဒုတိယဆုရ လသာ မြို့နယ်၊ တတိယဆုရ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် နှစ်သိမ့်ဆုရ လှိုင်သာယာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအား ဆုများချီးမြှင့်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



စက်တင်ဘာ ၁၆ ရက်က ဒလမြို့ ညောင်ကုန်းရပ်ကွက် ဇေယျဝတီ စာသင်တိုက်အတွင်း ဆောက်လုပ်လျက် ရှိသော ဓမ္မဒီပနီ ရာပြည့်ဗိမာန်တော်ကြီး တစ်ခန်းစာအတွက် အလှူငွေကျပ် ၅၂၀၀၀၀ကို မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (အရှေ့) ရပ်ကွက် ၉၃လမ်း အမှတ် ၁၀၅ နေ ဦးအောင်သန်း (မြို့နယ်သတင်းထောက်)၊ ဒေါ်အေးရီမိသားစုက လယ်တီဘဒ္ဒန္တစန္ဒာဝရ (ဂန္ထဝါစက ဓမ္မကထိက)ပဓာန နာယကဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က အနုမောဒနာဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၂၅၉)

ချောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

၂၀၀၇ခုနှစ် ချောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ရှစ်ဦးအား ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက်၉နာရီခွဲက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးတွင် ကျင်းပရာ ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အတွင်းရေးမှူးနှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ မြို့မရပ်ကွက် ၁၅ရပ်ကွက်နှင့် ကျေးရွာ ၅၁အုပ်စုမှ စည်းရုံးရေးမှူးနှင့်အမှုဆောင်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် အသင်းဝင်အင်အား ၁၀၀ကျော် တက်ရောက်ကြသည်။

ဆုချီးမြှင့်

ရှေးဦးစွာ ချောက်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသီဟက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးနေရှင်က အသင်း၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြ၍ မြို့နယ်အလုပ်အမှုဆောင် ဦးဝင်းနိုင်ဦးက နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး အစီရင်ခံစာ ဖတ်ကြားတင်ပြသည်။ ထို့နောက် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုချီးမြှင့်ပေးသည်။

(က–ပ)

စာကြည့်တိုက်လုပ်ငန်း သိကောင်းစရာ ဆွေးနွေးပို့ချ

ရန်ကုန် စက်တင်ဘာ ၁၇

လှိုင်လင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သော ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မွမ်းမံသင်တန်းတွင် လှိုင်လင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်သည် စက်တင်ဘာ ၇ရက် မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလုပ်ငန်းများ၊ စာကြည့်တိုက် လုပ်ငန်းများအကြောင်း သိကောင်းစရာများကို ဆွေးနွေးပို့ချပြီး **(အပေါ်ပုံ)** လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

စက်တင်ဘာ ၆ရက် မွန်းလွဲ ၁နာရီက ပင်လုံမြို့၌ ဖွင့်လှစ်သော ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မွမ်းမံသင်တန်းကိုလည်း သွားရောက်ပို့ချခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပုလဲအထက အာစရိယ ပူဇော်ပွဲ

စစ်ကိုင်းတိုင်း ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ပထမအကြိမ် သက်ကြီး ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ရက်တွင် ပုလဲ အထက ဗိုလ်သာကြည် ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ အနေဖြင့် ကြွရောက်ပူဇော်နိုင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ရေနုတ်မြောင်းတူးဖော်၊ ခြင်ဆေးဖျန်း

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ရပ်ကွက်များတွင် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်၊ လုပ်ငန်းဆောင်ရွက်ခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ရက်က ဂါဝီလမ်းမကြီး ဘေးဝဲယာ မြေတူးစက်ယန္တရားအသုံးပြု၍ ပင်မမြောင်းတူးဖော်ခြင်း၊ မြို့မဈေးတွင်း ရေနုတ်မြောင်းများနှင့် စာသင်ကျောင်းများတွင် ခြင်ဆေးဖျန်းကိရိယာအသုံးပြု၍ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းနှင့် ရပ်ကွက်အလိုက် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြောင်းမြခရိုင် ပြန်/ဆက် ဦးစီးဌာန စာဖတ်ဝိုင်း

ဧရာဝတီတိုင်း မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ရုံးစာကြည့်တိုက်ခန်းမတွင် ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက စာဖတ်ဝိုင်း ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ခင်မူ၊ ဦးမောင်မောင်မြင့်နှင့် မြို့နယ်ဦးစီးမှူးများ၊ ခရိုင် ရုံးဝန်ထမ်းများ တက်ရောက်ကြပြီး ဦးစီးအရာရှိ ဒေါ်ခင်ခင်မူက စာဖတ်ဝိုင်း ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စာ/ထောက်(၃) ဒေါ်ခင်ရူပါအေးက ဩဂုတ်၁၄ရက်ထုတ် ပေါ်ပြူလာ ဂျာနယ်ပါ ဆောင်းပါးရှင် ချစ်နိုင်(စိတ်ပညာ)၏ ယောနိသောဆောင်းပါးကို ဖတ်ကြားပြီး မြို့နယ်ဦးစီးမှူးများ၊ခရိုင်ရုံးဝန်ထမ်းများက မိမိတို့၏အမြင်ကို ပြန်လည်ဆွေးနွေးကြသည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်ခင်မူနှင့် ဦးမောင်မောင်မြင့်တို့က ခြုံငုံသုံးသပ်ဆွေးနွေးကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

အိုင်အိုဒင်းဆား အကြောင်း သိကောင်းစရာ ဟောပြော

ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝါဝါသည် တွဲဖက်အတွင်းရေးမှူး ဒေါ်မေရီ၊ ဖလမ်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုမိုတင်ဦး၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မွန်မွန်ခင်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဩဂုတ်၂၃ ရက် မွန်းတည့်၁၂နာရီက ဖလမ်းမြို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသော အိုင်အိုဒင်းဆား အကြောင်း သိကောင်းစရာများ ဟောပြောပွဲနှင့် အခမဲ့လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါက အမှာစကားပြောကြားကာ တွဲဖက်အတွင်းရေးမှူး ဒေါ်မေရီက အိုင်အိုဒင်းဆား သုံးစွဲခြင်းအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားပြီး ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါက တက်ရောက်လာကြသော ကိုယ်ဝန်ဆောင်မိခင် ၅၀ တို့အား အိုင်အိုဒင်းဆားနှင့် ဆေးဝါးများ လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

မိဘများအား ဦး ထိပ် ထား ၍ ဒေါက်တာတင်ဦး၊ ဒေါက်တာ ခင်ဘုန်းဦး၊သားကြီး ရွှေဘော် ဦး-ခင်စန်းဝင်း၊ သားငယ် သန့်ဘော် ဦး၊ ခိုင်မျိုးအောင်၊ မြေး နန္ဒာ၊ စည်သူ၊ ထူး၊ မင်း၊ ရှင်းတို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကား ဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုကျောင်းဆောက်ရန် ပုဂံသာသနာ့ဗိမာန်တော် ဆောက်လုပ်ရန်နှင့် သံဃာ့ဘေသဇ္ဇဌာန ဝိဟာရဆေးရုံ ဘက်စုံပြုပြင်ရန်ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၇

သာသနာရေးဝန်ကြီးဌာန နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြု ကျောင်းဆောက်လုပ်ရန်၊ ပုဂံ သာသနာ့ဗိမာန်တော် ဆောက်လုပ်ရန်နှင့် နေပြည်တော် ပျဉ်းမနားမြို့ သံဃာ့ဘေသဇ္ဇဌာန ဝိဟာရဆေးရုံ ဘက်စုံပြုပြင်တည်ဆောက်ရန်အတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာနဝန်ကြီးရုံး ရုံးခွဲ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အလှူငွေများ လက်ခံသည်။ (အပေါ်ပုံ)

ရှေးဦးစွာ အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မဟာစည် သာသနာ့ရိပ်သာ ပဓာနနာယက မဇ္ဈိမဂုဏ်ရည် ဆရာတော် ဘဒ္ဒန္တ ကောဝိဒထံမှ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့်ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ မဟာစည်သာသနာ့ရိပ်သာပဓာနနာယက မဇ္ဈိမဂုဏ်ရည် ဆရာတော်ဘဒ္ဒန္တကောဝိဒကိုယ်စား ဆရာတော်၏မယ်တော်ကြီး ဒေါ်အေးရီက ငွေကျပ် ၁၁၂သိန်း၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း-သီရိသုဓမ္မ ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့KN ကုမ္ပဏီ)နှင့်ဒေါ်နန်းဖူးတို့က ငွေကျပ်၂၄သိန်းစီ၊ ဦးဇော်ဇော်နိုင်(ဥက္ကဋ္ဌ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း)က ငွေကျပ် ၅၁၃၀၀၀၊ ဦးညွန့်ငွေ-ဒေါ်နီလာရွှေ (ကြာငါးခိုင် သက်နိုင်းတိုက်)၊ သုဓမ္မမဏိဇောတဓရ ဦးအောင်မွန်၊ ဦးတင်ဝင်း-သီရိသုဓမ္မ သီဂိဒေါ်ခင်ကြည် (ဆန်းကိုကိုဘီစကစ်)နှင့် ဦးဘိုကြီး – ဒေါ်သန်းသန်းတို့က ငွေကျပ်ငါးသိန်းစီ၊ ဦးရဲအောင်- ဒေါ်လှဲ့လှဲ့ဝင်း (ကုဋေကြွယ် ကြက်ဆူစိုက်ပျိုးရေးကုမ္ပဏီ)က ငွေကျပ် ၅၂၀၀၀၀၊ (ဦးသိန်းမောင်)- ဒေါ်ပါပါ(စန္ဒီပရဆေး)နှင့် ဦးချစ်အေး-ဒေါ်သန်းသန်းဆွေ(လမ်းမတော်မြို့နယ်)တို့က ငွေကျပ် ၅၀၅၀၀၀ စီနှင့် သီရိသုဓမ္မသီဂိ ဒေါ်ဒေါ်ကျင် (မင်္ဂလာတောင်ညွန့်မြို့နယ်)က ငွေကျပ်တစ်သိန်း အပါအဝင် စုစုပေါင်းငွေကျပ် ၂၉၄၄၃၀၀၀ကိုပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် က လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် မဇ္ဈိမဂုဏ်ရည် ဆရာတော်ထံမှ ပရိသတ်များက အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကုန်ကြမ်းနှင့်လုပ်အား အခြေပြုသည့် စက်အရန်ပစ္စည်း၊ စက်အစိတ်အပိုင်းများအစား နည်းပညာပိုင်း၊ ဉာဏ်စွမ်းရည်ပိုင်း အခြေခံထုတ်လုပ်သည့်ပစ္စည်းများ အစားထိုးဝင်ရောက် ကျွမ်းကျင်မှုနှင့် ဉာဏ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေရမည်

ရန်ကုန် စက်တင်ဘာ ၁၇

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် စက်တင်ဘာ၁၄ ရက်က ရန်ကုန်မြို့ရှိ မြန်မာ့မီးရထား အင်းစိန် စက်ခေါင်းစက်ရုံ အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာအရာရှိများနှင့် ကြီးကြပ်သူဝန်ထမ်းများအား တွေ့ဆုံ၍ စက်ရုံဝန်ထမ်းများ လုပ်ငန်းစွမ်းရည်တိုးတက်ရေးနှင့်လုပ်ငန်းအရည်အသွေး တိုးတက်စေရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ယနေ့ကမ္ဘာပေါ်တွင်သတင်းအချက်အလက် စုဆောင်းလွှဲပြောင်းမှုနည်းပညာနှင့် ဆက်သွယ်ရေး ဆိုင်ရာနည်းပညာများ လျင်မြန်စွာတိုးတက်ဖြစ်ထွန်းလာသဖြင့် စက်မှု၊ လျှပ်စစ်၊ သတ္တုမှအစ ပညာရပ်ကဏ္ဍအစုံ၌ နည်းပညာပြောင်းလဲမှု၊အတွေးအခေါ်၊အလေ့အထပြောင်းလဲမှုများ လျင်မြန်စွာဖြစ်ပေါ်နေကြောင်း၊ ယနေ့ ရထားလုပ်ငန်းသုံးပစ္စည်းများတွင် ကုန်ကြမ်းနှင့် လုပ်အားကို အခြေပြုသည့် စက်အရန်ပစ္စည်း၊ စက်အစိတ်အပိုင်းများအစား နည်းပညာပိုင်း၊ဉာဏ်စွမ်းရည်ပိုင်းတို့ကို အခြေခံထုတ်လုပ်သည့်ပစ္စည်းများ အစားထိုးဝင်ရောက်နေပြီဖြစ်၍ မိမိတို့က အမီလိုက်နိုင်ရန်အတွက် ပညာရပ်ပိုင်းဆိုင်ရာနှံ့စပ်မှု၊ ကျွမ်းကျင်မှုနှင့် ဉာဏ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေရမည် ဖြစ်ကြောင်း၊ အာဆီယံ၊ မဟာမဲခေါင် ဒေသခွဲစသည့် ဒေသန္တရဆိုင်ရာ အဖွဲ့အစည်းများသည်လည်း နောင်တွင် ယခုထက် ပိုပြင်းလာတော့မည်ဖြစ်ရာ ပေါ်ထွက်လာမည့် အခွင့်ကောင်းများကို ရယူနိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေးအပိုင်း ကဏ္ဍသာမက ဆက်စပ်ကဏ္ဍများကိုပါ လေ့လာပြင်ဆင်ထားရမည်ဖြစ်ကြောင်း။

ဆွေးနွေးမှာကြား

မိမိတို့စက်ရုံ၏ ထုတ်လုပ်မှုအရေအတွက်နှင့်အရည်အသွေးတိုးတက်မြင့်မားရေး၊ လုပ်အား၊ လုပ်ငန်းသုံးပစ္စည်း၊ စွမ်းအင်၊ငွေကြေး အစရှိသည်တို့ အလေအလွင့် နည်းပါးစေရေးတို့အတွက် မိမိဝန်ထမ်းများကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ပညာရပ်ပိုင်းဆိုင်ရာ အဘက်ဘက်မှ လေ့ကျင့်လျက် တိုင်းပြည်အတွက် အဖိုးတန် ဝန်ထမ်းကောင်းများ ဖြစ်စေရေး လေ့ကျင့်ရန် အလုပ်ရုံတွင်း သင်တန်းသာမက အခြားဝန်ကြီးဌာနအောက်ရှိ စက်ရုံ၊ အလုပ်ရုံနှင့် ပြင်ပရှိလုပ်ငန်းတူ လုပ်ငန်းများကိုပါ လေ့လာ၍ မိမိတို့၏လုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်ရန်၊ မကြာမီ မိမိတို့ဝန်ကြီးဌာန၏ မိတ္ထီလာ ဗဟိုပို့ဆောင်ဆက်သွယ်ရေး ကျောင်း၌ စက်ရုံအရာရှိ၊ အလုပ်ရုံစုမှူးများအား လေ့ကျင့်သင်ကြားပေးမည့် အစီအစဉ်ဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် သံဖြူနှင့်ကြေးနီရုံ၊ ဒီဇယ်အရန်ပစ္စည်း ထုတ်လုပ်ရေးရုံ၌ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းတစ်ဆင့်ချင်း စနစ်ကျရေး၊ အရည်အသွေးနှင့် ထုတ်လုပ်မှုတိုးတက်ရေး ပစ္စည်းလုပ်အား၊ အချိန်နှင့်စွမ်းအင် အလေအလွင့် နည်းပါးရေး၊ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် မလွကုန်း ဒီဇယ်စက်ခေါင်းပြင် စက်ရုံ၌ စက်ခေါင်းများပြုပြင်မွမ်းမံထိန်းသိမ်းရေးကိစ္စ၊ ကျွမ်းကျင်မှု တိုးတက်ရေးအတွက် စက်ရုံတွင်း သင်တန်းကိစ္စ၊ လမ်းခရီးတွင် မြို့ပတ်စက်ခေါင်းများ ချွတ်ယွင်းမှု မဖြစ်စေရေးနှင့် အရန်စက်ခေါင်း စီစဉ်နိုင်ရေးကိစ္စများကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စက်ဆန်းကုန်ရုံနှင့် ဗိုလ်တထောင် ကုန်ရုံသို့ရောက်ရှိပြီး ရထားဖြင့်ကုန်ပစ္စည်းတင်ပို့ခြင်း၊ဆောင်ရွက်နေသည့်ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ရထားစက်ခေါင်းတွဲလည်ပတ်မှုမြန်ဆန်ရေး၊ ကုန်တင်ကုန်ချမှုစနစ်ကျ မြန်ဆန်ရေးတို့အတွက် ကုန်ပို့သူများ၊ ကုန်တင်ကုန်ချအလုပ်သမားများနှင့် မြန်မာ့မီးရထားဝန်ထမ်းများအား တွေ့ဆုံ၍ အခက်အခဲများရှိပါက တင်ပြရန်နှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့မီးရထား၊ ကုန်ပစ္စည်းတင်ပို့သူများနှင့် ကုန်တင်ကုန်ချ အလုပ်သမား သုံးဦးသုံးဖလှယ် အကျိုးရှိရေးဆိုင်ရာများကို မှာကြားသွားကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မာမီးခေါက်ဆွဲစားသုံးသူများအတွက် ကံစမ်းမဲဖွင့်

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာ မာမီးဒါဘယ် ဒက်ကာလီမိတက်နှင့် အေးရှားလိုက်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသော မာမီးခေါက်ဆွဲ စားသုံးသူများအတွက် ၂၀၀၇ ခုနှစ် ဩဂုတ်လ ပထမအကြိမ် ကံစမ်းမဲဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်း ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာ မာမီးဒါဘယ် ဒက်ကာလီမိတက် အထွေထွေမန်နေဂျာ Mr. Davidနှင့် အေးရှားလိုက်ကုမ္ပဏီ လီမိတက် ဒါရိုက်တာ ဦးစိုးမြင့်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အခမ်းအနားမှူး ဒေါ်သိလ္လာစိုးက မာမီးခေါက်ဆွဲကံစမ်းမဲအကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။

မဟာကံထူးရှင်ရွေးချယ်

ယင်းနောက် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့အတွက် တာဝန်ရှိသူများက မဟာကံထူးရှင်များကို ရွေးချယ်ပေးကြရာ **(အပေါ်ပုံ)**ပထမဆု ရန်ကုန်တိုင်းမှ ဒေါ်ကျင်မြိုင်၊ ဒုတိယဆု ရန်ကုန်တိုင်းမှ ဦးအောင်စိုးမင်း၊ တတိယဆု ရန်ကုန် တိုင်းမှ ဦးသန်းတင့်၊ စတုတ္ထဆု ရန်ကုန်တိုင်းမှ မသန်းသန်းအေးနှင့် ပဉ္စမဆု ရန်ကုန်တိုင်းမှ မယုနန္ဒာအောင်တို့က အသီးသီးရရှိကြသည်။

ကံစမ်းမဲအစီအစဉ်

မာမီးခေါက်ဆွဲ စားသုံးသူများအတွက် ကံစမ်းမဲအစီအစဉ်ကို ၂၀၀၇ ခုနှစ် ဩဂုတ် ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိဖြစ်ပြီး လစဉ်လတိုင်း ဆုကြီး ငါးဆုကို ကံစမ်းမဲပေးသွားမည်ဖြစ်သည်။

မာမီးခေါက်ဆွဲ ငါးထုပ်ဝယ်ယူသူတိုင်း အဆိုပါဆိုင်မှ ကူပွန်တစ်စောင်တောင်းယူပြီး ကံစမ်းမဲအစီအစဉ်တွင် ပါဝင်နိုင်သည်။ ပထမအကြိမ် ရွေးချယ်ခြင်း မခံရသောသူများသည် နောက်ရွေးချယ်မည့် အကြိမ်တိုင်းတွင် အလိုအလျောက် ပါဝင်ခွင့်ရရှိမည်ဖြစ်သည်။ နောက်ဆုံး အထူးကံစမ်းမဲ ဆုတစ်ဆုကို နိုဝင်ဘာလတွင် ကျင်းပပြီး ထပ်မံရွေးချယ်သွားမည်ဖြစ်သည်။

ပေးပို့နိုင်

ကံစမ်းမဲပေးပို့ရန်လိပ်စာမှာ အမြို့မြို့အနယ်နယ်ရှိ အေးရှားလိုက်ရုံးခွဲများ၊ မာမီးကံစမ်းမဲပုံးရှိသည့် နီးစပ်ရာဆိုင်များ၊ မာမီးလက်ကားရောင်းချသောဆိုင်များနှင့် ရန်ကုန်စာတိုက်ကြီးရှိ စာတိုက်သေတ္တာအမှတ် (၉၂၈)တို့သို့ ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အုတ်တွင်းမြို့ ဘုန်းတော်တိုး–ဘုန်းတော်ပွင့်ဘုရား ဘက်စုံမွမ်းမံပြင်ဆင်ရေး အလှူငွေပေးအပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်အလှူငွေလက်ခံ

ရန်ကုန် စက်တင်ဘာ ၁၇

ပဲခူးတိုင်း အုတ်တွင်းမြို့ဘုန်းတော်တိုး–ဘုန်းတော်ပွင့်ဘုရားကြီး ဘက်စုံမွမ်းမံပြင်ဆင်ရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၅ရက် နံနက်ပိုင်းက အုတ်တွင်းမြို့ ဂါတ်တဲဘုန်းတော်ကြီးကျောင်းတွင် ကျင်းပရာ ပဲခူးတိုင်း သံဃာ့ဝန်ဆောင် ဈေးကျောင်းဆရာတော် ဘဒ္ဒန္တတိလောက၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဉာဏောဒယ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဇနီးဒေါ်စဝ်နွမ်းခွန်ဆန်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ၊ ဂေါပကအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဈေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတိလောကထံမှ ငါးပါးသီလခံယူဆောက်တည်ကြ၍ သံဃာတော် အရှင်မြတ်တို့က ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

အလှူငွေပေးအပ်

ထို့နောက် အလှူငွေပေးအပ်ပွဲကိုကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်ဇနီး ဒေါ်စဝ်နွမ်းခွန်ဆန်က အလှူငွေကျပ် ၁၀သိန်း၊ ကြယ်နီဆေးလိပ်ခုံပိုင်ရှင် ဦးခင်မောင်ဝင်း–သီရိသုမမ္မသီဂီဒေါ်သန်းသန်းနွဲ့မိသားစုက ငွေကျပ်၁၄၆သိန်း၊ ဒေါက်တာသူလွင်ထွန်း–မအိအိခင်(ကြယ်နီ)က ငွေကျပ် ၄၈သိန်း၊ ကိုဥက္ကာစိုး–မမေဝင်းနွယ်(ကြယ်နီ)က ငွေကျပ် ၁၈သိန်း၊ ကိုဝင်းမင်းဦး၊ မဆုမြတ်ခင်၊မောင်ဝင်းမင်းမြတ်(ကြယ်နီ)က ငွေကျပ် ၁၈သိန်း၊ ကိုကောင်းမြတ်စိန်–မမို့မို့ခင်(ကြယ်နီ)က ငွေကျပ် ၁၈သိန်း၊ မိခင်ကြီး ဒေါ်ထွေးကြည်နှင့်သား ကိုသန်းထိုက်–မကြည်ကြည်သန်းမိသားစုက ငွေကျပ်သိန်း ၃၀၊ (ဦးကြည်မြင့်)– ဒေါ်တင်မြ(ကြယ်နီ)က ငွေကျပ် ၁၂သိန်း၊ ဦးကိုလေး–(ဒေါ်သန်းကြည်)မိသားစုမှ ငွေကျပ် ၁၀သိန်း၊ ဦးဇော်ဖေအောင်–မမြသက်ဦး(ကြယ်နီ) မိသားစုက ငွေကျပ်၁၀သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊တိုင်း၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း အလှူရှင် ၆၃ဦးတို့က အလှူငွေကျပ် ၄၂၅၇၀၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။ **(အပေါ်ဝဲပုံ)** (၃၁၆)

မော်လမြိုင်ကြံခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အကောင်းဆုံးဆုရကျောင်းနှင့် ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ကျောင်းသူများ ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၇

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၇နှင့် ၂၀၀၆–၂၀၀၇ ပညာသင်နှစ်တွင် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂ရက်က မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ကျင်းပရာ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက် အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးအောင်ဝင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခေတ္တအတွင်းရေးမှူးဦးမျိုးညွန့်နှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းစိန်နှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာအသင်း စည်းရုံးရေးမှူးများနှင့် အသင်းဝင်ကိုယ်စားလှယ်များ၊ ၂၀၀၇ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အခြေခံပညာ အထက်တန်းကျောင်းများမှကျောင်းအုပ်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အမှာစကား ပြောကြားပြီး အလှူရှင်များထံမှ အလှူငွေများကိုလက်ခံကာ ၂၀၀၇ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် မော်လမြိုင်မြို့နယ်ရှိ ကျောင်းများမှ အောင်ချက် အကောင်းဆုံး ဆုရကျောင်းများနှင့် ခြောက်ဘာသာ ဂုဏ်ထူးရှင် ခြောက်ဦးတို့အား ဂုဏ်ပြုဆုနှင့် ပညာရည်ချွန်ဆုများ ချီးမြှင့်သည်။

ဆုချီးမြှင့်

ယင်းနောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်း၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်သိန်းဟန်၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က ငါးဘာသာဂုဏ်ထူးရှင် ၁၃ဦးတို့အား ဆုများချီးမြှင့်ကြသည်။

ဆုပေးပွဲအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အစည်းအဝေး တက်ရောက်လာကြသူများအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အိတ်ဆောင်ကတ်နှင့် မှတ်စုစာအုပ်များကို တစ်ဦးချင်း ဝေငှပေးသည်။

ယင်းနောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၇)ကို ကျင်းပရာ သဘာပတိ မော်လမြိုင်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းစိန်က အမှာစကားပြောကြားပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းစိန် အလက(၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၈ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်မြင့်က မြို့နယ်အဆင့် သင်ကြားမှုထူးချွန်ဆုရ ဆရာမဒေါ်မိမိရီအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၄၆)

တောင်သူများအတွက် မျိုးကောင်းမျိုးသန့်ရရှိရေး အရေးပါ စိုက်ပျိုးရေးသုတေသနမှ သုတေသနပြုထုတ်လုပ်ပေးလျက်ရှိ မျိုးကောင်းမျိုးသစ်များ ထပ်မံရရှိရေး တိုးမြှင့်ဆောင်ရွက်သွား

နေပြည်တော် စက်တင်ဘာ ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ၁၅ရက် မွန်းလွဲပိုင်းက နေပြည်တော်ပျဉ်းမနား ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနမျိုးစေ့ဘဏ်သို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးအောင်က စိုက်ပျိုးရေး သုတေသနဦးစီးဌာန၌ ဆန်စပါး၊ ဆီထွက်သီးနှံ ပဲမျိုးစုံ၊ စက်မှုသီးနှံ၊ သစ်သီးဝလံ ဟင်းသီးဟင်းရွက် အပါအဝင် သီးနှံဌာနခွဲသုံးခု၊ ဌာနစုခြောက်ခုတို့မှ သီးနှံအမျိုးအစားအလိုက်မျိုး၊ စိုက်နည်းစနစ်သုတေသနပြုမှုလုပ်ငန်းများကို လည်းကောင်း၊ အထွက်ကောင်းပြီး အရည်အသွေးကောင်းသည့် စပါးမျိုးငါးမျိုး၊ စပ်မျိုးအစေ့ထုတ်ပြောင်းခြောက်မျိုး၊ မြေပဲမျိုးငါးမျိုး၊ နှမ်းမျိုးသုံးမျိုး၊ အထွက်ကောင်းမျိုးခံနိုင်သည့် နေကြာမျိုးလေးမျိုးနှင့် စပ်မျိုးနေကြာနှစ်မျိုး၊ ပဲတီစိမ်းမျိုးကိုးမျိုး၊ မတ်ပဲငါးမျိုး၊ကုလားပဲခြောက်မျိုး၊ ပဲပုပ်ငါးမျိုး၊ ပဲစင်းငုံလေးမျိုး၊ ကြံမျိုးသုံးမျိုး၊ ခရမ်းချဉ်စည်းရိုး ကြက်ဆူပင်ကို ဒေသမျိုးကွဲ ၈၀စုဆောင်းရယူပြီး သီးနှံများ၏ အရည်အချင်းလက္ခဏာများနှင့် ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် ဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံ၍ အခြားသော စီးပွားရေးလုပ်ငန်းများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စီးပွားရေးဦးတည်ချက်တွင် ပထမအချက်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားရေး တိုးတက်မြင့်မားလာစေရေးအတွက် နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်လမ်းညွှန်ကြပ်မတ်လျက် ရှိနေကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် မျိုးကောင်းမျိုးသန့်များရရှိရေးမှာလည်း အရေးပါကြောင်း၊ စိုက်ပျိုးရေး သုတေသနဌာနအနေနှင့်လည်း တောင်သူများအကျိုးအတွက်စပါး၊ ပဲ၊ဆီထွက်သီးနှံများ၊ ပြောင်း၊ ကြံမျိုးကောင်းမျိုးသန့်များအား သုတေသနပြု၍ အောင်မြင်စွာ ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ တောင်သူများကိုယ်တိုင် လက်ခံသည့် စပါးမျိုးများ၊ မြေပဲမျိုးများ၊ ဆီထွက်သီးနှံဖြစ်သည့် နှမ်း၊ နေကြာမျိုးများ၊ပြောင်း၊ ကြံမျိုးများ၊ အောင်မြင်စွာ သုတေသနပြု ဖော်ထုတ်ဖြန့်ဖြူး နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရေနစ်ခံစပါးမျိုးများကိုလည်း ထပ်မံတွေ့ရှိ စမ်းသပ်နေမှုကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ တောင်သူများအကျိုးရှိစေမည့် မျိုးကောင်း မျိုးသစ်များ ထပ်မံရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဆန်စပါးသီးနှံသုတေသန၊ စပ်မျိုးစပါး သုတေသန၊ ပြောင်းဖူးနှင့် အခြားနှံစားသီးနှံသုတေသန၊ ဆီထွက်သီးနှံ သုတေသန၊ စပ်မျိုးနေကြာ သုတေသန၊ ပဲမျိုးစုံသီးနှံသုတေသန၊ စက်မှုကုန်ကြမ်းသီးနှံ သုတေသန၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ သုတေသန၊ အပင်ရောဂါ ကာကွယ်ရေး သုတေသန၊ ဇီဝနည်းပညာ သုတေသနပြကွက်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် သုတေသနစိုက်ကွင်းရှိ အထွက်ကောင်း၊ အရည်အသွေးကောင်း၊သက်လျင်စပါးမျိုး စုစုပေါင်း၁၀မျိုး သုတေသနစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၇

၂၀၀၇ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာအမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက ဒို့အင်ဒို့အား သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က အမှာစကား ပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ မန္တလေးတိုင်း ပညာရေးမှူးဦးအောင်ဆွေက နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် တိုင်းအဆင့် ဆုရရှိကြသော အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ထိုက်အောင်ထွန်း၊ လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ အဋ္ဌမတန်း(က)ကျောင်းသူ မအယ်ဏီကိုကိုကြီးနှင့် အလယ်တန်းဆင့် ပိုစတာပြိုင်ပွဲတွင် တိုင်းအဆင့်ဆုရရှိကြသော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်း(က) ကျောင်းသား မောင်အောင်သူရ၊ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းမှဆဋ္ဌမတန်း(က)ကျောင်းသား မောင်ရှိုင်းကောင်းစံတို့ကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ညှော်ခံဖျော်ဖြေ

ထို့နောက်အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက ဇာတိမာန်သီချင်းဖြင့်လည်းကောင်း၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသူများက လူတိုင်းအတွက် ပညာရေးသီချင်းဖြင့်လည်းကောင်း သီဆိုညှော်ခံဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဇနီးနှင့် ဧည့်ပရိသတ်များသည် ခန်းမအတွင်းနိုင်ငံတကာစာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် ကျောင်းများမှ ပြသထားသော ကုန်းဘောင်ခေတ် စာတတ်မြောက်ရေး၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်၊ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်နှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော စေတနာ့ကျောင်းများ၏ မှတ်တမ်းဓာတ်ပုံများ၊ ကျောင်းပြင်ပပညာရေး မှတ်တမ်းများ၊ စာအုပ်များ၊ ဆုရစာစီစာကုံးနှင့် ပိုစတာများကို လှည့်လည်ကြည့်ရှုကြသည်။

ဖျော်ဖြေ

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့သည် အခမ်းအနားတွင် သီဆိုညှော်ခံ ဖျော်ဖြေကြသော ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✳ ကျောဖုံးမှ

မြောင်းတကာသံမဏိစက်မှုဇုန်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ နံနက်၇နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်မြောင်းတကာ သံမဏိစက်မှုဇုန်သို့ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များအား စက်မှုဇုန်စီမံခန့်ခွဲရေးရုံးရှင်းလင်းဆောင်၌ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက မြောင်းတကာ သံမဏိစက်မှုဇုန်၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှု၊ စက်မှုဇုန်၏ စုစုပေါင်းဧရိယာ ၁၀၁၅ ဒသမ ၅၇ ဧကတွင် ပေ၂၀၀ X ၄၀၀ အကျယ်ရှိ မြေကွက်ပေါင်း ၃၂၇ကွက်၊ ပေ၆၀ X ၈၀အကျယ်ရှိ မြေကွက်ပေါင်း ၈၅ကွက်နှင့် ပေ ၆၀ X ၁၂၀အကျယ်ရှိ မြေကွက်ပေါင်း ၅၆ ကွက်ဖော်ထုတ်ရရှိမှု၊ မြေသားလမ်းနှင့် ကွန်ကရစ်လမ်းများ ဖောက်လုပ် ပြီးစီးမှု၊ ၄ X ၄ ပေ အကျယ်ရှိ နှစ်ပေါက်ရေတံခါး တစ်စင်း တည်ဆောက်ပြီးစီးမှုနှင့် ၄ X ၄ ပေ အကျယ်ရှိ သုံးပေါက်ရေတံခါးတစ်စင်း တည်ဆောက်ရန် ဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ မြေကွက်များ ရောင်းချပြီးစီးမှုနှင့် ငွေပေးသွင်းမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က မြောင်းတကာ သံမဏိစက်မှုဇုန်သို့ လျှပ်စစ်ဓာတ်အား အပြည့်အဝ ပေးပို့နိုင်ရေးအတွက် ရွှေတောင်ဓာတ်အားလိုင်း တစ်လိုင်းမှ သွယ်ယူပြီးစီးပြီး ဓာတ်အားပေးလွှတ်မှု အခြေအနေ၊ ပဲခူး–ကမာနတ်မှ မြောင်းတကာသို့ ၂၃၀ကေဗွီအေ ဓာတ်အားအသစ်တစ်လိုင်းသွယ်တန်းရန် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်စေရေးနှင့်မြောင်းတကာ သံမဏိ စက်မှုဇုန်သို့ ဓာတ်အားအပြည့်အဝပေးနိုင်ရေးအတွက် ရေရှည်ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များ၊ ယခုအခါ သတ်မှတ်ကာလ မီးပေးဝေမှုအပြင် ည၁၁နာရီမှ နောက်တစ်နေ့နံနက်၅နာရီအထိ စက်မှုဇုန်များသို့ လျှပ်စစ်ဓာတ်အားများပေးနေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆက်စပ်ဌာနအသီးသီးတို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်လျက်ရှိရာတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက လိုအပ်ချက်ပစ္စည်းများဖြစ်သည့် ဘိလပ်မြေနှင့် သံထည်ပစ္စည်းများကို နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလကအပိုင်းတို့က ထုတ်လုပ်လျက်ရှိကြောင်း၊ သံထည်ပစ္စည်းများထုတ်လုပ်ရန်အတွက် လျှပ်စစ်ဓာတ်အားရနိုင်မှု၊ မြေနေရာအကျယ်အဝန်း၊ သယ်ယူပို့ဆောင်ရေးအဆင်ပြေမည့် မှော်ဘီမြို့နယ် မြောင်းတကာတွင် သံမဏိစက်မှုဇုန် တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ဤစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်မည့်အပြင် ပြည်ပမှ မှာယူတင်သွင်းရမှု၊ လျော့နည်းကျဆင်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ အားပေးပံ့ပိုးမှု၊ စက်မှုဇုန်တာဝန်ခံများ စက်မှုဇုန်အလိုက် တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုများကြောင့်စက်မှုဇုန်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီ ဖြစ်ကြောင်း၊ သံထည်ပစ္စည်းကိုင်တွယ်သည့်စက်မှုလုပ်ငန်းတိုးတက်လာသည်နှင့်အမျှအခြားပုဂ္ဂလိက စက်မှုလုပ်ငန်းများသည်လည်း ဆက်စပ်တိုးတက်လာမည်ဖြစ်ကြောင်း။

မျက်ခြည်မပြတ်ပံ့ပိုး

မြောင်းတကာ သံမဏိစက်မှုဇုန် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရေး၊ စက်ရုံများ အမြန်ဆုံးလည်ပတ်နိုင်ရေး၊ သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရေးအတွက် အဓိကကျသည့် လျှပ်စစ်ဓာတ်အားရရှိရေး အပါအဝင် အခြားလိုအပ်သော အခြေခံအဆောက်အအုံများကိုလည်း နိုင်ငံတော်က မျက်ခြည်မပြတ် ပံ့ပိုးလျက်ရှိကြောင်း။

တာဝန်ရှိသူများ အနေဖြင့်လည်း လုပ်ငန်းရှင်များပိုမိုဆောလျင်စွာ အပြည့်အဝ ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်အသိပေး ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် မြောင်းတကာ သံမဏိ စက်မှုဇုန်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ မြောင်းတကာသံမဏိစက်မှုဇုန်သည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာ အနီး၌ တည်ရှိပြီး စက်မှုဇုန်၏ စုစုပေါင်းဧရိယာမှာ ၁၀၁၅ ဒသမ ၅၇ ဧက ကျယ်ဝန်းသည်။

မြောင်းတကာသံမဏိစက်မှုဇုန်ကို Phase-1, Phase-2, Phase-3 ဟူ၍ အပိုင်းသုံးပိုင်းခွဲခြား၍ ဆောင်ရွက်လျက်ရှိရာ စက်မှုဇုန် Phase-1 ဖြစ်သည့် စက်မှုမြေဧရိယာအပိုင်းတွင် ၁၇၈ ဒသမ ၆၈ ဧက ကျယ်ဝန်းပြီး ပေ ၂၀၀X ၄၀၀ အကျယ်ရှိသော စက်မှု မြေကွက်ပေါင်း၈၂ကွက်ကိုဖော်ထုတ်ပြီးဖြစ်သည်။

စက်မှုဇုန် Phase-2 ဖြစ်သည့် စက်မှုမြေဧရိယာအပိုင်းတွင် ၃၀၅ ဒသမ ၅၄ ဧက ကျယ်ဝန်းပြီး ပေ ၂၀၀X၄၀၀ အကျယ်ရှိသော စက်မှုမြေကွက်ပေါင်း ၁၆၁ ကွက်ကို ဖော်ထုတ်လျက်ရှိသည်။

စက်မှုဇုန် Phase-3 ဖြစ်သည့် စက်မှုမြေဧရိယာအပိုင်းတွင် ၁၃၆ ဒသမ ၁၆ ဧကကျယ်ဝန်းပြီး ပေ ၂၀၀X၄၀၀ အကျယ်ရှိသော စက်မှုမြေကွက်ပေါင်း ၇၄ ကွက်ကို ဖော်ထုတ်ရရှိမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ချီလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁၈

၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ကျရောက်သော ချီလီသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ချီလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အလယ်ဂျန်ဒရိုဖောက်စ်လေထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ပြီ

ထုတိသြဘာမင်္ဂလာ ဧကပိုဒ်ရတု

“မြန်မာနိုင်ပြီ”၊ မြန်ရွှေပြည်ဝယ်
အောင်စည်ဆော်ရွမ်း၊ အောင်မော်ကွန်းနှင့်၊
ညီထွန်းတန်ဆောင်၊ တင့်ရှန်းပြောင်သား၊
အောင်လံလွင့်လွင့်၊ မိုးယံမြင့်ဝယ်၊
စွင့်စွင့်လွှင့်ထူ၊ အောင်တိတ်ယူသား၊
ဗမ္မာတစ်လွှား၊ ပြိုင်စံရှားမည်၊
မြင့်မားဂုဏ်ရည်၊ “ကုမ္မာရီ” တို့၊
“အာဆီယံပွဲ”၊ အနိုင်နွဲပြီ၊
ခြိမ့်သဲသြဘာ၊ “ဒို့မြန်မာဟု”၊
ကမ္ဘာတစ်လွှား၊ အားကစားဖြင့်၊
ဝင့်ကြွားပေါ်လွင်၊ ရွှေတွေဆင်၍၊
အောင်မြင်ထိုက်တန်၊ မျိုးချစ်မာန်နှင့်၊
“ချန်ပီယံဆုဖလား”၊ သမီးများက၊
ဝင့်ကြွားဆွတ်ခူး၊ ဂုဏ်ရောင်ထူးလျက်၊
ရင့်ကျူးတေဇ၊ အောင်ပွဲရပြီ၊
ဘာမထီရှင့်၊ ဇာနည်စိတ်ထား၊
ဖွဲ့မာန်အားနှင့်၊ မျိုးသားစိတ်ဓာတ်၊
လွန်မြင့်မြတ်လျက်၊ မပြတ်လေ့ကျင့်၊
မျိုးဂုဏ်တင့်ရန်၊ ထပ်ဆင့်ကြိုးပမ်း၊
ကမ္ဘာလွှမ်းအောင်၊ ရည်မှန်းကြလေ၊
“လှလွန်းဆွေတို့”၊ မြန်ပြည်သားကောင်း၊
ပြည်သူပေါင်းက၊ နှစ်ထောင်းအားရ၊
ချီးမြှင့်ကြပြီ၊ သမီးလှသူဇာ၊
“ရတနာ”တို့၊ ဇာတိပုညာ၊
ဂုဏ်မာနနှင့်၊ မြန်မာ့ဂုဏ်ဆောင်၊
“လှတန်ဆောင်”ဟု၊ ရှန်းပြောင်တေဇာ၊
အောင်သြဘာနှင့်၊ ဇေယျာအောင်ဟိတ်၊
အောင်နိမိတ်နှင့်၊ အောင်တိတ်ဆင်ကာ၊
ဂုဏ်ပြုပါသည် …
မြန်မာဂုဏ်ဝါထိန်ဖြာလင်း၍ ဝင်းစေသောဝ်၊
မာလာသူဇာရူပါဆင်းနှင့် သင်းစေသောဝ်၊
ကမ္ဘာကြေညာသမ္မာဝင်း၍ လင်းစေသောဝ်။ ။

(၂၀၀၇ ခုနှစ် တတိယအကြိမ်အာဆီယံအမျိုးသမီးတံခွန်စိုက် ဘောလုံးပြိုင်ပွဲ ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးပေးခဲ့သော မြန်မာ့ဂုဏ်ဆောင် မြန်မာအမျိုးသမီး ဘောလုံးအသင်းအား ချီးကျူးဂုဏ်ပြုလျက်–)

ယုဝတီကဗျာရှင် – တက္ကသိုလ်နွယ်သဇင်

NLD တွင် ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိ ရွှေတောင်မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်နှင့် နေပြည်တော်ပျဉ်းမနားတို့မှ ပါတီဝင်ခုနစ်ဦးနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးဌေးသန်းသည် ဇွန်၂၈ရက်တွင်လည်းကောင်း၊ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမောင်မောင်ဦး၊ ဦးလှဦး၊ ဦးအောင်တင်နှင့် ဦးစိန်မောင်၊ နေပြည်တော်ပျဉ်းမနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးအောင်ဖြိုးဝေနှင့် ဦးတိုးကြီးတို့သည် စက်တင်ဘာ၅ရက်တွင်လည်းကောင်း ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ရွှေတောင်မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်နှင့် နေပြည်တော်ပျဉ်းမနား မြို့နယ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲတို့သို့ ပေးပို့သောနုတ်ထွက်လွှာများတွင် NLDပါတီတွင် ဆက်လက်လုပ်ကိုင်လိုစိတ်မရှိ၊ ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိသဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ရှင်းလင်း ပြောကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် တပ်မတော်ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(က) ဗိုလ်လောင်းများအား အသင်းဖွဲ့စည်းပုံနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

(မိခင်/ကလေး)

● **ကျောဖုံးမှ**

မေး – ပယ်နယ်တီလေ့ကျင့်ခဲ့လား။

ဖြေ – ပထမအကြိမ်ပြိုင်ပွဲမှာ ပယ်နယ်တီနဲ့ ဗိုလ်စွဲခဲ့တယ်။ ဒီပြိုင်ပွဲမှာလဲ ပယ်နယ်တီအထိရောက်နိုင်တာတွက်ပြီး လေ့ကျင့်ထားပါတယ်။

ဒေါ်မြတ်မြတ်ဦး (အုပ်ချုပ်သူ)

မေး – ဝမ်းသာနေမှာပေါ့။

ဖြေ – တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အားပေးပြီး ပထမဆုံးအကြိမ် ကျင်းပခွင့်ရတာဆိုတော့ စိတ်လှုပ်ရှားတာပေါ့။ အမျိုးသမီးဘောလုံးပွဲကို ဒီလောက်အထိ အားပေးမယ် မထင်ခဲ့ဘူး။ အခုလို အားပေးတာ မြင်ရတော့ ပြောမတတ်အောင် ဝမ်းသာမိတယ်။

မေး – အခုလို ကြံ့ခိုင်မှု ကောင်းအောင် ဘာတွေ ပံ့ပိုးခဲ့ပါသလဲ။

ဖြေ – အဓိကကတော့ စားသောက်ရေးမှာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်က မကြာခဏလိုအပ်တာကို ဖြည့်ဆည်းပေးတယ်။ အဖွဲ့ချုပ်ကလဲ လိုအပ်တာတွေကို ဒေါက်တာမြလေးစိန်၊ ဒေါက်တာမော်လီချစ်တို့နဲ့ ပူးပေါင်းတိုင်ပင်ပြီး စီစဉ်ပေးတယ်။

မေး – ဗိုလ်လုပွဲမကစားမီ စိတ်လှုပ်ရှားမှု။

ဖြေ – အမှန်အတိုင်းပြောရရင် ထိုင်းက တစ်ဦးချင်းရော ကစားကွက်ပါကောင်းတော့ စိုးရိမ်မိတယ်။ ကိုယ့်အသင်းက အဆုံးသတ်အပိုင်းမှာ အားနည်းတော့ စိတ်မချဘူး။ ဒါပေမယ့် ကစားသမားတွေရဲ့ စိတ်ဓာတ်နဲ့ ကြိုးစားမှုကို ယုံကြည်တယ်။

ခင်မိုးဝေ (အလယ်တန်း)

မေး – ဒီပွဲမှာ ခြေတွေ့လား။

ဖြေ – ကောင်းကောင်း ကစားနိုင်ပါတယ်။

မေး – အသက် ငယ်သေးမှာပေါ့။

ဖြေ – ၁၈ နှစ်ပါ။

မေး – ဇာတိက။

ဖြေ – မွန်ပြည်နယ်၊ မော်လမြိုင်မြို့ကပါ။

မေး – လက်ဦးဆရာ။

ဖြေ – ဦးစိုးလွင်ပါ။

မေး – ဒီလောက် ပင်ပန်းတဲ့ ဘောလုံး အားကစားနည်းကို ဘာကြောင့် ရွေးချယ်ခဲ့ရတာလဲ။

ဖြေ – တစ်အိမ်လုံးက ဘောလုံးကန်တယ်။ အဖေနဲ့အစ်ကိုက ပြည်နယ်နှင့်တိုင်းအဆင့် ကစားဖူးကြတယ်။

မေး – နောက်တစ်ခါ ပြန်တွေ့ရင် ထိုင်းကို နိုင်ပါ့မလား။

ဖြေ – အကောင်းဆုံး ကြိုးစားမှာပဲ။ စောင့်ကြည့်ပေါ့။

မိုးမိုးဝါ (နောက်တန်း)

မေး – ပထမဆုံးပယ်နယ်တီ ကန်ရတာနော်။

ဖြေ – အေးဆေးပါပဲ။ ကြိုတင် လေ့ကျင့် ထားတာ ဆိုတော့ ယုံကြည်မှု အပြည့်ရှိတယ်။

မေး – အလွတ်တည်ကန်တာက ဂိုးရတာ ဘာကြောင့်လဲ။

ဖြေ – အရင်ကတည်းက Free kick ကန်လာတာပါ။ ဂိုးလဲရပါတယ်။ ကစားဖော်တွေကို ဦးစားပေးလို့ မကန်ဖြစ်ခဲ့တာပါ။

မေး – ပထမအကြိမ်ထက်စာရင်။

ဖြေ – ပိုပျော်တာပေါ့။ ပထမအကြိမ်ကလဲ ပျော်တယ်။ ဒါပေမယ့် အခုပွဲက ကိုယ့်ကိုအားပေးတဲ့ ပရိသတ်က အများကြီးဆိုတော့ ပိုပျော်တယ်။

မေး – အသက် ဘယ်လောက်ရှိပြီလဲ။

ဖြေ – ၂၃ နှစ်ရှိပါပြီ။

မေး – ဘယ်ပွဲကို အားရသလဲ။

ဖြေ – ဗိုလ်လုပွဲကို အားအရဆုံးပဲ။

မေး – ပြိုင်ဘက်အသင်းတွေရဲ့ နောက်တန်းတွေအပေါ်။

ဖြေ – မြန်မာနောက်တန်းအကောင်းဆုံးပဲ။ ထိုင်းက ကျောန်ပါတ်(၁၃)က နပါသေးတယ်။ သူဘယ်လိုထွက်မယ်ဆိုတာ သိတယ်။

မာဂရက်မေရီ (ရှေ့တန်း)

မေး – နာမည်က။

ဖြေ – ဗမာလူမျိုးပါပဲ။ ခရစ်ယာန်ဘာသာဝင် ဆိုတော့ ဒီလို နာမည်မှည့်ဖြစ်တာပါ။

မေး – လူစားလဲပြီး ကွင်းထဲဝင်ခါနီး ဘယ်လိုခံစားရလဲ။

ဖြေ – ကြောက်စိတ် မရှိပါဘူး။ ကစားရတော့မယ် ဆိုတဲ့ အတွေးနဲ့ ဝမ်းသာမိတယ်။

မေး – အုပ်စုနောက်ဆုံးပွဲမှာ ဂိုးသွင်းယူခဲ့ပုံလေး။

ဖြေ – အေးနန္ဒာလှိုင် အလယ်က ထိုးပေးတာကို မိုင်နီလာထွေးက ထပ်ထိုးပေးတယ်။ ထိုင်းဂိုးသမားက အရပ်ရှည်တော့ တိုက်ရိုက်ကန်သွင်းတာထက် သူ့ကိုကျော်ဖြတ်ပြီး ဂိုးသွင်းရင် ပိုသေချာမယ်လို့တွေးပြီး ကန်သွင်းခဲ့တာပါ။

မေး – အသက် ဘယ်လောက်ရှိပြီလဲ။ ဘာဖြစ်လို့ ဘောလုံးကစားတာလဲ။ မိဘက အားပေးလား။

ဖြေ – အသက် ၂၂နှစ်ပါ။ ဇာတိက ရွှေဘိုကဆိုတော့ ရန်ကုန်နဲ့ဝေးတယ်။ ငယ်ငယ်တည်းက ဘောလုံးကစားတယ်။ အရင်ကဆိုရင် ပွဲတိုင်းလိုက်အားပေးတယ်။

မြင့်မြင့်အေး (နောက်တန်း)

မေး – အလယ်တန်း ညာအစွန်မှာ ကစားတာ အဆင်ပြေရဲ့လား၊ ခြေကုန်သွားတာတွေ့မိသလားလို့။

ဖြေ – ၃–၅–၂ပုံစံမှာ အလယ်တန်း အစွန်လူက အတက်အဆင်း ကစားရတော့ ပင်ပန်းတယ်။ ကိုယ့်ထက်အားနည်းတဲ့အသင်းဆိုရင် သက်သာပေမယ့် ကိုယ့်ထက် အားကောင်းရင် ပင်ပန်းတယ်။

မေး – ထိုင်းနဲ့အုပ်စုပွဲမှာ အဝါကတ်ထိတယ်နော်။

ဖြေ – ရည်ရွယ်ချက်မပါပါဘူး၊ ကိုယ့်ဘက်ကို ဘောလုံးလာရင် ဂိုးပေးရမှာစိုးရိမ်ပြီး ဖျက်ထုတ်ဖို့ပဲ စဉ်းစားတယ်။

မေး – ဘောလုံးက ဘဝတစ်ခုလုံးလား။

ဖြေ – ဘောလုံးမကစားနိုင်ရင် တစ်ခုခုလုပ်ရမှာလေ၊ ဘောလုံးက အစိတ်အပိုင်းတစ်ခုပေါ့။

မေး – ကစားနေရင်း တွေးမိတာရှိရင်။

ဖြေ – ငါ့ကြောင့်ဂိုးပေးရမှာလားဆိုတာ။

မေး – နည်းပြဆရာက အမှားရှိလို့အော်ရင် လန့်သွားတတ်လား။

ဖြေ – ဒီလိုတော့မဖြစ်ပါဘူး။ ကိုယ့်အမှားကို ထောက်ပြတာပဲ၊ ပိုတောင်ကျေးဇူးတင်သေးတယ်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းများ လေ့လာ

ရန်ကုန် စက်တင်ဘာ ၁၇

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) နောက်ဆုံးနှစ် အပိုင်း(က) ဗိုလ်လောင်း ၁၀၁ဦးသည် တာဝန်ရှိသူများလိုက်ပါလျက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိလေ့လာကြသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် ပညာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာက ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှု လုပ်ငန်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဗိုလ်လောင်းများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် လှုပ်ရှားမှုဓာတ်ပုံများကို လှည့်လည်ကြည့်ရှု လေ့လာကြပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားသည့် မိခင်မှကလေးသို့ HIV ပိုးကူးစက်မှုမှ ကာကွယ်တားဆီးခြင်း စီမံချက်ဌာန၊ ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများသို့ လေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား**

၁၇–၉–၂၀၀၇ ကိုထွေး–စုစည်းတင်ဆက်သည်

အားကစားဝန်ကြီးဖလားဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းက ကရင်ပြည်နယ်ကိုအနိုင်ရဗိုလ်စွဲ

အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား (၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၂၁)နှစ်အောက်(လူသစ်တန်း) အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို စက်တင်ဘာ ၁၆ ရက် ညနေပိုင်းက စစ်ကိုင်းတိုင်း မုံရွာမြို့ အားကစားကွင်း၌ ရန်ကုန်တိုင်းအသင်းနှင့်ကရင်ပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းအသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ခင်မာလာထွန်း (အလယ်တန်း)

မေး – အသက် ဘယ်လောက်ရှိပြီလဲ။

ဖြေ – ၁၈ နှစ်ပါ။

မေး – ဘောလုံးကစားတာ ဘာကြောင့်လဲ။

ဖြေ – အရမ်း ဝါသနာပါလို့။ ဘောလုံးမျိုးရိုးမရှိပါဘူး။

မေး – အရင်က ရှေ့တန်းမှာ ကစားတာနော်။

ဖြေ – ရှေ့တန်းမှာ ပိုအားသန်ပါတယ်။ ဒါပေမယ့် နည်းပြဆရာက ဒီနေရာမှာ သင့်လျော်တယ်ထင်လို့ သုံးတော့ ကစားရမှာပေါ့။

မေး – နေရာကြောင့် ဂိုးအရနည်းတာလား။

ဖြေ – ဒီလိုလဲမဟုတ်ပါဘူး။ ဂိုးကံခေတာလဲ ပါမှာပါ။

မေး – ဗိုလ်လုပွဲကစားနေရင်း စိတ်ထဲမှာပေါ်လာတဲ့ ခံစားမှု။

ဖြေ – သူတို့ကို နိုင်ချင်တယ်။ ချန်ပီယံဖြစ်ချင်တယ်။

မေး – နည်းပြက ဘယ်လိုကစားဖို့မှာလဲ။

ဖြေ – အတက်အဆင်းကစား၊ ကွက်လပ်တွေလိုက်ဖြည့်၊ အခွင့်အရေးရရင် ဂိုးသွင်းဖို့မှာတယ်။

(မြန်မာ့အလင်း)

အာဆီယံဘောလုံးအဖွဲ့ချုပ် ကောင်စီစည်းဝေး

ဒုတိယအကြိမ်အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးကို စက်တင်ဘာ ၁၅ရက် နံနက် ၉နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ အာဆီယံဘောလုံးအဖွဲ့ချုပ် ဂုဏ်ထူးဆောင် အတွင်းရေးမှူး Dato Paul Mony Samuel နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် အာဆီယံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အတွင်းရေးမှူးများက အထွေထွေဆွေးနွေးကြပြီးတာဝန်ရှိသူများစုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ဂျပန်ဖူဆယ်နည်းပြ ရန်ကုန်မြို့သို့ ရောက်ရှိ

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် တာဝန်ယူမည့် ဂျပန်နိုင်ငံမှ ဝါရင့် ဖူဆယ်နည်းပြ ရိုရှင်နိုဗူမာကာဝါသည် ယနေ့ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာသည်။

တာဝန်ယူဆောင်ရွက်

ပဏာမ မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းအား ဂျပန်နိုင်ငံမှ ရိုရှင်နိုဗူမာကာဝါနှင့် အတူ ဦးဌေးမြင့် (ပို့ဆောင်ရေး)နှင့်ဦးသက်နိုင် (အီလဲဗင်း)တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

18-9 (09) 1 9/18/07, 2:24 AM



ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ အာကာသဆိုင်ရာပြပွဲ၌ ပြသထားသည့် လွန်းပြန်ယာဉ်ပုံစံငယ်ကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာကြီးပူနွေးလာမှု ထိရောက်စွာကာကွယ်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးညီလာခံ၌ တိုက်တွန်း

ဆိုးလ် စက်တင်ဘာ ၁၇

သေးငယ်သည့် ပစိဖိတ်ကျွန်းနိုင်ငံ တူဗာလူးက မိမိတို့နိုင်ငံ သမုဒ္ဒရာရေမျက်နှာပြင်အောက် နစ်မြုပ်ပျောက်ကွယ်မသွားမီ ကမ္ဘာကြီး ပူနွေးလာမှုကို ထိထိရောက်ရောက် ကာကွယ်ကြပါရန် ကမ္ဘာ့ကျန်နိုင်ငံများသို့ စက်တင်ဘာ ၁၃ ရက်က တိုက်တွန်းလိုက်သည်။

လေ့လာ

တူဗာလူးကျွန်းနိုင်ငံမှ ပြည်သူ ၁၀၀၀၀တို့ မှီတင်းနေထိုင်သည့် ကျွန်းငယ်များနှင့် ကျောက်တန်းများမှာ ယခုအခါ ပင်လယ်ရေမျက်နှာပြင် အထက် နှစ်မီတာတွင်ရှိကြောင်း၊ လက်ရှိနှုန်းထားအတိုင်း သမုဒ္ဒရာရေ တက်နေမည်ဆိုလျှင် လာမည့် အနှစ် ၃၀နှင့် ၅၀အကြားတွင် ရေမြုပ်ပျောက်ကွယ်သွားနိုင်ကြောင်း လေ့လာခန့်မှန်းထားသည် ဆိုသည်။

တိုက်တွန်း

ဆိုးလ်မြို့၌ ကျင်းပသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးညီလာခံတွင် တူဗာလူး ဒုတိယဝန်ကြီးချုပ် တာဗောက တိုင်းပြည်ပျောက်မည့် အချိန်မရောက်ရေး ကာကွယ်ရန် မိမိတို့စိတ်ကူးဆုံးဖြတ်ထားကြောင်း၊ သို့မဟုတ်ပါက ရေအောက် ရောက်သွားပြီး ငါးဘဝသို့ ရောက်ကုန်နိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံကဲ့သို့သော ကျွန်းနိုင်ငံများအတွက် အချိန်မနှောင်းမီ ဝိုင်းဝန်းကြိုးပမ်းပေးကြပါရန် တိုက်တွန်း ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဗီယက်နမ်နှင့်ပိုလန် မိတ်ဖက်နိုင်ငံအဖြစ် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်မည်

ဝါဆော စက်တင်ဘာ ၁၇

အာရှတွင် ဗီယက်နမ်နိုင်ငံသည် မိမိတို့၏မိတ်ဖက်နိုင်ငံဖြစ်ကြောင်း ပိုလန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဒန်နှင့် တွေ့ဆုံဆွေးနွေးစဉ် ပိုလန်ဝန်ကြီးချုပ် ဂျာရို့စ်လောကာဇိုင်စကီးက စက်တင်ဘာ ၁၄ရက်၌ ပြောကြားလိုက်သည်။

တိုးတက်

ဗီယက်နမ်နှင့်ပိုလန်တို့၏ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ၌ အရေးပါကြောင်း၊ ဗီယက်နမ်သည် အာရှ၌ စီးပွားရေး လျင်မြန်စွာ တိုးတက်လာသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း လောကာဇိုင်စကီးက ပြောကြားသည်။

ဗီယက်နမ်နှင့် ပိုလန်နှစ်နိုင်ငံအကြား နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှု အပေါ်တွင် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံ ပူးပေါင်းနိုင်မှုများကြောင့် အကျိုးသက်ရောက်မှုများရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဗီယက်နမ်နှင့် ပိုလန်နှစ်နိုင်ငံတို့သည် ပညာရေး၊ ယဉ်ကျေးမှုနှင့် စစ်ဘက်ရေးရာကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြပြီး စီးပွားရေးနှင့်ကုန်သွယ်မှုတွင် နှစ်စဉ် အမေရိကန် ဒေါ်လာသန်း ၅၀၀ခန့် ရှိနေကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာကာသနည်းပညာ ဆိုင်ရာပြပွဲ

စပိန်နိုင်ငံ မက်ဒရစ်မြို့ရှိ အာကာသနည်းပညာဆိုင်ရာပြပွဲ၌ ခင်းကျင်းပြသထားသော အင်္ဂါဂြိုဟ် လေ့လာရေးယာဉ်ပုံစံသစ်တစ်ခုအား လေ့လာကြည့်ရှုနေသည်ကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နှင့် စပိန်တို့ စစ်ရေးပူးတွဲ လေ့ကျင့်ကြမည်

ကာဒစ်ဇ် စက်တင်ဘာ ၁၇

တရုတ်နိုင်ငံ ရေတပ်သင်္ဘော နှစ်စင်းသည် စပိန်နိုင်ငံ တောင်ပိုင်း ကာဒစ်ဇ်ဆိပ်ကမ်းမြို့သို့ စက်တင်ဘာ ၁၄ရက်က ရောက်ရှိလာခဲ့ကြောင်း၊ ယခုကဲ့သို့ တရုတ်စစ်သင်္ဘောများ လာရောက်လည်ပတ်မှုမှာ ပထမဆုံးအကြိမ်ပင် ဖြစ်ကြောင်း စပိန်မီဒီယာများက ဖော်ပြသည်။

စစ်ရေးလေ့ကျင့်

အဆိုပါ တရုတ်စစ်သင်္ဘော နှစ်စင်းတွင် အရာရှိနှင့်တပ်ဖွဲ့ဝင် ၅၀၀ခန့် လိုက်ပါလာသည်။ ထိုတရုတ်စစ်သင်္ဘောများသည် စပိန်၌ ငါးရက်ကြာ လည်ပတ်စဉ်အတွင်း စပိန်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု တစ်ရပ်လည်း ပြုလုပ်မည် ဖြစ်သည်၊

ဆွေးနွေး

နှစ်နိုင်ငံ စစ်သင်္ဘောများသည် စပိန်ပင်လယ်ပြင်တွင် ပူးတွဲစစ်ရေး လေ့ကျင့်မှု တစ်ရပ်ပြုလုပ်ပြီး လိုအပ်ချက်များကို ဆွေးနွေးသုံးသပ်သွားကြမည် ဖြစ်သည်။

လည်ပတ်

တရုတ်နှင့်စပိန်နိုင်ငံတို့သည် လွန်ခဲ့သည့် ၁၉၈၀ပြည့်နှစ်မှ စတင်ကာ နှစ်နိုင်ငံ ရေတပ်အရာရှိများ အပြန်အလှန် လည်ပတ်ခဲ့ကြသည်။ ထို့အပြင် ၂၀၀၃ခုနှစ်က စပိန်ရေတပ်သင်္ဘောတစ်စင်း တရုတ်နိုင်ငံသို့ ငါးရက်ကြာ လာရောက်လည်ပတ်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်နင်းမြို့၌ ကျင်းပမည့် ကိုယ်အလေးချိန် ပေါင်၂၀၀ ကျော်သည့် အမျိုးသမီးများ အကပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အစမ်းလေ့ကျင့်နေသည်ကို စက်တင်ဘာ ၁၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ် အလုပ်သမားတစ်ဦး အာဖဂန်၌ ပြန်ပေးဆွဲခံရ

ကဘူးလ် စက်တင်ဘာ ၁၇

အာဖဂန်နစ္စတန်၌ ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ အကူအညီပေးရေးအလုပ်သမားတစ်ဦး ပြန်ပေးဆွဲခံရကြောင်း၊ အဆိုပါ ပြန်ပေးဆွဲသူ လက်နက်ကိုင် လေးဦးသည် ရဲဝတ်စုံ ဝတ်ဆင်ထားလျက် ဖြားယောင်းသွေးဆောင် ခေါ်သွားခြင်း ဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့က စက်တင်ဘာ ၁၆ရက်၌ ပြောကြားသည်။

အဆိုပါ သူများမှာ တာလီဘန် အကြမ်းဖက်သမားများဖြစ်နိုင်ကြောင်း သတင်း၌ ဖော်ပြသည်။

ပြန်ပေး ဆွဲခံရသူမှာ ကဘူးလ်မြို့ တောင်ပိုင်း လော့ဂါ ပြည်နယ်ရှိ ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့တွင် တာဝန်ထမ်းဆောင်သူဖြစ်ပြီး ရုံးမှ အပြန်တွင် ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘရာဇီး၌ ရထားတိမ်းမှောက် မောင်းနှင်သူအား တရားစွဲဆို

ရီယိုဒီဂျနေရိုး စက်တင်ဘာ ၁၇

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၌ မီးရထားတစ်စင်းသည် သတ်မှတ်ထားသည့် မိုင်နှုန်းထက် ပိုမိုမောင်းနှင်ခဲ့မှုကြောင့် စက်တင်ဘာ ၁၄ရက်က တိမ်းမှောက်ခဲ့ရာ ခရီးသည် ရှစ်ဦးသေဆုံးပြီး ၁၀၁ ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ ရထားသည် နိုဘာလူကာကူမြို့ရှိ အော်စတင် ဘူတာရုံအနီး၌ တစ်နာရီကီလိုမီတာ ၂၀နှုန်းထက် ပိုမောင်းလာစဉ် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရထားတိမ်းမှောက်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိပြီး သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းသော ရထားမောင်းသူအား တရားစွဲဆိုမည် ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ်၌ ရေလွှမ်းမှုကြောင့် ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွား

ဒါကာ စက်တင်ဘာ ၁၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်း၌ရေလွှမ်းမှုကြောင့် ပြည်သူများ ဝမ်းပျက်ဝမ်းလျှောခြင်းနှင့် အသက်ရှူကျပ်ခြင်းရောဂါများ ခံစားကြရပြီး သေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ယင်းသို့ ရေလွှမ်းမှုများဖြစ်ပွားခြင်းများမှာ ပြည်နယ် ၄၆နယ်မှ ဒေသခံပြည်သူ ၁၂သန်းကျော် ရေဘေးဒုက္ခခံစားရပြီး အိမ်ခြေ ၂ဒသမ၁သန်းခန့် ပျက်စီး ဆုံးရှုံးခဲ့ရကာ ကောက်ပဲသီးနှံစိုက်ခင်း ဟက်တာ ခုနစ်သိန်းကျော် ပျက်စီးဆုံးရှုံးခဲ့ရသည်။

သို့ဖြစ်ရာ ပြည်သူပေါင်း တစ်သိန်းကျော်အတွက် အိမ်ခြေ ၃၁၃လုံး ယာယီတည်းခိုနေထိုင်ရေးအတွက် စီစဉ်ပေးလျက်ရှိကြောင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆီနီဂေါနှင့်ရုရှားတို့ စစ်ဘက်ရေးရာ ပူးပေါင်းဆောင်ရွက်မည်

ဒါကာ စက်တင်ဘာ ၁၇

ရုရှားနိုင်ငံသည် အနောက်အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သော ဆီနီဂေါနိုင်ငံနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် စက်တင်ဘာ ၁၄ ရက်က သဘောတူ လက်မှတ်ရေးထိုးလိုက်ကြောင်း ရုရှားမီဒီယာများက ဖော်ပြသည်။

ဆောင်ရွက်

ဆီနီဂေါနိုင်ငံသည် ပြင်သစ်နိုင်ငံကဲ့သို့သော ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများနှင့် ဆက်သွယ်ကာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။ ထို့အတူ အရှေ့အလယ်ပိုင်းဒေသ၊ လက်တင်အမေရိကနှင့်အာရှနိုင်ငံများနှင့်လည်း မကြာမီနှစ်များကစတင်ကာ ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့သည်။

ပူးတွဲလေ့ကျင့်

ရုရှားနှင့် ဆီနီဂေါနှစ်နိုင်ငံတို့၏ တပ်ဖွဲ့ဝင်များအကြား အတွေ့အကြုံ အပြန်အလှန်ဖလှယ်ကြရန်နှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်နိုင်ကြရန် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ခြင်းဖြစ်ကြောင်း ဆီနီဂေါနိုင်ငံခြားရေးဝန်ကြီး ချက်တီဒီရန်ဂါဒီရိုက ပြောကြားသည်။

လက်မှတ်ရေးထိုး

နှစ်နိုင်ငံအကြား အဆိုပါ သဘောတူစာချုပ်ကို ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလဗ်ရော့ဗ်နှင့် ဆီနီဂေါနိုင်ငံခြားရေးဝန်ကြီး ချက်တီဒီရန်ဂါဒီရိုတို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ ရှန်စီပြည်နယ်ရှိ ကြက်မွေးမြူရေးခြံ၏ လုပ်ငန်းခွင်တစ်နေရာကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။ (အဆိုပါ ကားဗုံးပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။) **(ဓာတ်ပုံ–အင်တာနက်)**

အာဖရိကတွင် အသက်ငါးနှစ်အောက် ကလေးငယ်များသေဆုံးမှု လျော့နည်းလာ

အဘူဂျာ စက်တင်ဘာ ၁၇

အာဖရိက ဆာဟာရဒေသတွင် အသက်ငါးနှစ်အောက် ကလေးငယ်များသေဆုံးမှု တဖြည်းဖြည်းလျော့နည်းလာကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေ (ယူနီဆက်ဖ်)၏ စက်တင်ဘာ ၁၅ ရက်က ထုတ်ပြန်သော အစီရင်ခံစာ၌ဖော်ပြသည်။

ထို့အတူ တစ်ကမ္ဘာလုံးတွင် ကလေးငယ်များသေဆုံးမှု လျော့နည်းလာကြောင်း၊ ကမ္ဘာတစ်ဝန်း ကလေးငယ်သေဆုံးမှုသည် ၁၉၉၀ ပြည့်နှစ်က ၁၃ သန်းခန့်ရှိခဲ့ရာမှ ယခုအခါ ၉ဒသမ ၇သန်းအထိ လျော့ကျခဲ့ကြောင်း အဆိုပါ အစီရင်ခံစာ၌ ဖော်ပြသည်။

အာဖရိကဒေသခွဲတွင် ကလေးငယ်အများစုသည် လုံခြုံသော နေထိုင်မှုဘဝကိုမရရှိကြကြောင်း ယူနီဆက်ဖ်၏ စီမံခန့်ခွဲမှုဆိုင်ရာ ညွှန်ကြားရေးမှူး အန်ဗီနီမင်က ပြောကြားသည်။

ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ပိုမိုအရှိန်အဟုန်ရရှိစေရန် ပြည်သူ့ကျန်းမာရေး တိုးတက်ဖြစ်ထွန်းစေမည့် လုပ်ငန်းများကို ယခုအခါ မိမိတို့အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်အရ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်အကြား ကလေးငယ်သေဆုံးမှု သုံးပုံနှစ်ပုံခန့်လျော့ကျသွားအောင် ဆောင်ရွက်ရန် ပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နယူးဇီလန်၊ သြစတြေးလျနှင့်တရုတ် ရေတပ်စစ်ရေး ပူးတွဲလေ့ကျင့်မည်

ကျန်ဒို စက်တင်ဘာ ၁၇

နယူးဇီလန်၊ သြစတြေးလျနိုင်ငံတို့နှင့် စစ်ရေးအရ ပူးတွဲ လေ့ကျင့်မှုပြုလုပ်ရန် တရုတ်စစ်သင်္ဘောနှစ်စင်းသည် တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ် ကျန်ဒိုမြို့ ဆိပ်ကမ်းမှ စက်တင်ဘာ ၁၀ ရက်တွင် စတင်ထွက်ခွာသွားပြီဖြစ်ကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။

ပူးတွဲစစ်ရေးလေ့ကျင့်

တရုတ်၊ နယူးဇီလန်နှင့် သြစတြေးလျနိုင်ငံတို့မှ ရေတပ်များအနေဖြင့် ဆစ်ဒနီမြို့ကမ်းလွန်တွင် နှစ်ရက်ကြာ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ကြမည်ဖြစ်ကြောင်း မြောက်တရုတ်ပင်လယ်ဆိုင်ရာ တရုတ်ရေတပ် ဗိုလ်ချုပ် ကျန်ဇီဇန်က ပြောကြားသည်။

မှတ်တမ်းတင်ထား

အဆိုပါသုံးနိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရဟတ်ယာဉ်များကလည်း ကူညီပံ့ပိုးပေးမည်ဖြစ်ပြီး ကင်မရာများဖြင့် ရိုက်ကူးကာ မှတ်တမ်းတင်ထားရှိမည်ဖြစ်သည်။

ချစ်ကြည်ရေးခရီး

တရုတ်ရေတပ် တပ်ဖွဲ့ဝင်များသည် နိုင်ငံပေါင်း ၃၄ နိုင်ငံသို့ ချစ်ကြည်ရေးခရီးအဖြစ် သွားရောက်မည်ဖြစ်သည်။ နယူးဇီလန်နှင့်သြစတြေးလျနိုင်ငံများသို့ တပ်ဖွဲ့ဝင် ၄၈၃ ဦးကိုလည်း စေလွှတ်လေ့ကျင့်မည် ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ်၌ သူနာပြုရှားပါးမှုနှင့် ကြုံတွေ့နေရ

ဒါကာ စက်တင်ဘာ ၁၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုဌာနများ၌ ဆရာဝန်နှင့် သူနာပြုများအကြား အချိုးကျမှုမှာ ညီမျှမှုမရှိဘဲ သူနာပြုအရေအတွက်မှာအလွန်နည်းနေကြောင်း ပြည်တွင်းသတင်းစာ တစ်စောင်ဖြစ်သည့် သည်အင်ဒီပန်းဒင့် သတင်းစာက စက်တင်ဘာ ၁၃ ရက်တွင် ရေးသားဖော်ပြသည်။

ကူညီပံ့ပိုး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံချိန်စံညွှန်းများအရ ဆရာဝန်တစ်ဦးအား သူနာပြု သုံးဦးက ကူညီပံ့ပိုးရမည်ဟု သတ်မှတ်ထားသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်မူ ဆရာဝန် ၄၃၀၀၀ ကို သူနာပြု ၂၁၀၀၀ က ကူညီပံ့ပိုးပေးရလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကန်ဒါကာအမ်ရှဖီရက်၏ ပြောကြားချက်ကို အဆိုပါသတင်းစာက ကိုးကားဖော်ပြသည်။

ထပ်လောင်း

ကျန်းမာရေးစောင့်ရှောက်မှုများတွင် သူနာပြုများ၏အခန်းကဏ္ဍမှာလည်း အရေးကြီးကြောင်း၊ သူနာပြုများနှင့် ဆေးကုသမှု အတတ်ပညာများ မပါရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုယန္တရားကို လည်ပတ်နိုင်မှာမဟုတ်ကြောင်းလည်း ရှဖီရက်က ထပ်လောင်းပြောကြားသည်။

သူနာပြု ၂၁၀၀၀တွင် ပြည်သူ့ကျန်းမာရေးဌာနများ၌ အလုပ်လုပ်ကိုင်နေသူ ၁၄၀၈၉ ဦး၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေသူ ၂၅၀၀ ဖြစ်ပြီး ကျန်သူနာပြုများမှာ ပုဂ္ဂလိကဆေးခန်းများတွင် လုပ်ကိုင်နေကြပြီး အချို့မှာ အစိုးရဌာနများ၌ အလုပ်လုပ်ကိုင်နိုင်ရန် စောင့်ဆိုင်းလျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်သူနာပြုအဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မိုတယ်အဆောက်အအုံ

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်ရှိ အဝေးပြေးလမ်းမဘေး တစ်လျှောက်၌ တည်ဆောက်ထားသည့် မိုတယ်အဆောက်အအုံများကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

စပိန်၌ မိုးသီးမုန်တိုင်း တိုက်ခတ်

မက်ဒရစ် စက်တင်ဘာ ၁၇

စပိန်နိုင်ငံတောင်ပိုင်း၌ မိုးသီးမုန်တိုင်းများ တိုက်ခတ်ခဲ့ရာ တစ်ဦးသေဆုံးခဲ့ကြောင်း၊ ထို့ပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသအာဏာပိုင်များက စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

ကျရောက်

သေဆုံးသူမှာ ၎င်း၏ နေအိမ်ပန်းခြံအတွင်း လမ်းလျှောက်နေစဉ် ရုတ်တရက် မုန်တိုင်းကျရောက်ခဲ့ပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။

ဖော်ပြ

ပျောက်ဆုံးသူနှစ်ဦးအား ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေရာမှ အန်ဒါလူစီယန်ပြည်နယ် လမ်းမကြီးပေါ်၌ ၎င်းတို့၏ ကားကိုသာတွေ့ရှိရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

18-9 (11) 1 9/18/07, 2:24 AM

ခြင်အန္တရာယ်ကာကွယ်ရေး ခြင်ထောင်ဆေးစိမ် သရုပ်ပြပွဲ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာနာယက တက်ရောက် ခြင်ထောင်ဆေးစိမ်ဆေးပြားများ ဖြန့်ဖြူးဝေငှပေး

ရန်ကုန် စက်တင်ဘာ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီသည် ဩဂုတ် ၃၀ ရက်တွင် လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ ၇ မွှာရုံတွင် ပြုလုပ်သော ခြင်အန္တရာယ်ကာကွယ်ရေး ခြင်ထောင်ဆေးစိမ်သရုပ်ပြသပွဲသို့ တက်ရောက် ကြည့်ရှုအားပေးသည်။

အဆိုပါသရုပ်ပြသပွဲသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်သူများ စုစုပေါင်း အင်အား ၃၀၀ တက်ရောက်ကြသည်။

သရုပ်ပြသပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီက ခြင်ထောင်ဆေးစိမ်သရုပ်ပြသမှုအား ကြည့်ရှုအားပေးပြီး တက်ရောက်လာသူများအား ခြင်ထောင်ဆေးစိမ် ဆေးပြားများ ဝေငှပေးခြင်း၊ ပိုးလောက်လမ်းစာငါးများ ဝေငှပေးခြင်းများ ဆောင်ရွက်သည်။ ဆက်လက်ပြီး လားရှိုးမြို့ပေါ် ရပ်ကွက်များသို့ ခြင်ဆေးဖျန်းမှုအား လိုက်လံ ကြည့်ရှုအားပေးသည်။

ယင်းနေ့မွန်းလွဲ ၂ နာရီတွင် လားရှိုးမြို့ အထက(၁)၊ အထက(၅)၊ အထက(၆)၊ အထက(၇) ကျောင်းများသို့ သွားရောက်၍ ကျောင်းသန့်ရှင်းရေး ဆောင်ရွက်မှုနှင့် ခြင်ဆေးဖျန်းခြင်းတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၁၇ ရက်က မလေးရှားနိုင်ငံ၏(၇၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်လာသော ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ စစ်သံမှူး Col. Sanusi Bin Hashim နှင့်ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရော်ဘာမျိုးသန့်ထုတ်လုပ်ရေးဖွံ့ဖြိုးစေရန် အဖူးကူးသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း(နှစ်ရှည်ပင်) ပြည်နယ်မန်နေဂျာရုံးမှ ရော်ဘာမျိုးသန့်ပင်ထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အဖူးကူးသင်တန်းကို လားရှိုးမြို့တွင် စက်တင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်ခဲ့သည်။ (ယာပုံ)

တက်ရောက်

အဆိုပါသင်တန်းသို့ ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှု အဖွဲ့ခေါင်းဆောင် ကုန်းမြင့်လယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုဝင်း တက်ရောက် ဖွင့်လှစ်ပေးခဲ့ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်နယ်တာဝန်ခံများ၊ လားရှိုးမြို့နယ် ကုန်းပေါင်း၊ မန်ပန်၊ မန်ပြိန်း၊ နမ့်ပေါင်ကျေးရွာများမှ လွယ်လ၊ 'ဝ'၊ ရှမ်း၊ ပလောင်တိုင်းရင်းသား သင်တန်းသား ၃၅ ဦး တက်ရောက်ကြသည်။

ပေးအပ်

ရော်ဘာ စိုက်ပျိုးရာသီကာလများတွင် ဇရိယာတိုးချဲ့ရေးအတွက် ပျိုးပင်အလုံအလောက်ရရှိရေး၊ ဈေးနှုန်းသက်သာရေး၊ ဒေသခံ တိုင်းရင်းသားများ ကိုယ်တိုင် မျိုးထုတ်လုပ် ရောင်းချစိုက်ပျိုးနိုင်ရေးအတွက် ယင်းသင်တန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ နှစ်ရှည်ပင်ဌာနမှ နည်းပြဆရာ ဦးမင်းအောင်ဝင်း (ဒု-ကြီးမှူး)၊ ဦးမင်းဇော် (ဒု လ/ထ ကြီးမှူး)၊ ဦးဝင်းမင်းထိုက်(ဒု လ/ထ ကြီးမှူး)တို့က စာတွေ့လက်တွေ့ ပို့ချပြသပေးခဲ့ပြီး ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်ဦးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းများအတွက် ပထမအဆင့် သင်တန်းဆင်း

နေပြည်တော် စက်တင်ဘာ ၁၇

နိုင်ငံတော် အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့် သင်တန်းအမှတ်စဉ်(၂၀၆) သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပရာ ဒုတိယ စာရင်းစစ်ချုပ် ဒေါ်သင်းသင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲသို့ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်း ကထိကများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ သင်တန်းသို့ ဦးစီးဌာန ၁၇ ခုနှင့် စီးပွားရေးအဖွဲ့အစည်း ၁၉ ခုတို့မှ ဝန်ထမ်း စုစုပေါင်း ၁၀၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စုစုပေါင်း သုံးလခန့်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဝလွန်သူများ နှလုံးရောဂါဖြစ်နိုင်ခြေများ

အဝလွန်သူများအနေဖြင့် နှလုံးနှင့်ဆိုင်သည့် ရောဂါများဖြစ်ရန် အလားအလာပိုများကြောင်း လူပေါင်း ၃၀၀၀၀၀ ကျော်ကို လေ့လာပြီးနောက် သုတေသီများက တွေ့ရသည်ဆို၏။

<u>ပိုဖြစ်နိုင်</u>

နယ်သာလန်နိုင်ငံ ဘီသိုဗင်ရှိ အမျိုးသား ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဌာနသုတေသီများ၏ လေ့လာဆန်းစစ်ချက်အရ အတော်အတန် အဝလွန်သူများသည် သာမန်လူများထက် နှလုံးရောဂါ ၃၂ ရာခိုင်နှုန်းပိုဖြစ်နိုင်ပြီး ဝလွန်းသူများမှာမူ နှလုံးရောဂါဖြစ်ရန် ၈၁ ရာခိုင်နှုန်း ရှိကြောင်း တွေ့ရသည်။

<u>တွေ့ရှိ</u>

၎င်းတို့အား သွေးပေါင်ချပေးပြီး ကိုလက်စထရောပုံမှန်သို့ ချပေးသည့်တိုင်အောင် အတော်အတန် အဝလွန်သူများက ၁၇ ရာခိုင်နှုန်းနှင့် ဝလွန်းသူများက ၄၉ ရာခိုင်နှုန်း နှလုံးရောဂါဖြစ်နိုင်ခြေရှိကြောင်း တွေ့ရှိရသည် ဆို၏။ (အင်တာနက်)

အင်တာနက် ကျန်းမာရေး

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ ခုနှစ် တော်သလင်းလဆန်း ၇ ရက် (အဖိတ်နေ့)
၁၈-၉-၂၀၀၇ ရက် (အင်္ဂါနေ့)

<u>နံနက်ပိုင်း</u>

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၁၀ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Lat's Go.

<u>ညပိုင်း</u>

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အမှတ်(၃)အခြေခံပညာဦးစီးဌာန စတုတ္ထအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု)(အထက-၂၊ စမ်းချောင်း) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၁၆:၅၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒ အထူးပြု) [ဓာတုဗေဒ]
၁၇:၀၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၂၀ ၆။ ဆိုကြမယ် ပျော်ကြမယ်
၁၇:၅၀ ၇။ လေးကျွန်းမာန်အောင်စေတီတော် (သောတာပန်ရပ် စစ်ကိုင်းမြို့နယ်)
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၂၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၁၈:၅၀ ၁၁။ ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၅-၂၀ နှစ်) (အမျိုးသား၊ အမျိုးသမီး)
၁၉:၂၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သောရွှေနေခြည်** (အပိုင်း-၁၃)
၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပြုံးလှည့်ပါချစ်သူရယ်** (အပိုင်း-၇)
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်



* **ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တောင်ဘက် မင်ဒိုရိုကျွန်းပေါ်၌ အလွန်ထူးခြားသော လင်းနို့တစ်ကောင်ကို စက်တင်ဘာ ၁၆ ရက်က သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြကြောင်း၊လိမ္မော်ရောင်ခန္ဓာကိုယ်နှင့် မျက်နှာတွင် အဖြူရောင်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။** (ယာပုံ)

* တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ် ကျာကျင်းမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ စက်တင်ဘာ ၁၇ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး ၂၅ ဦးဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။
* **အင်္ဂလန်နိုင်ငံ လင်ကွန်းရှိုင်းယားမြို့အနီး မြစ်တစ်မြစ်အတွင်းသို့ စက်တင်ဘာ ၁၇ ရက်က မော်တော်ကားတစ်စီး မတော်တဆဖြစ်ရပ်ကြောင့် ထိုးကျသွားရာ ကလေးငယ်တစ်ဦးသေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိသွားကြောင်း၊ အနီးဝန်းကျင်မှလူများ အလျင်အမြန်ကယ်ဆယ်နိုင်ခဲ့သဖြင့် သေဆုံးသူမများခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့အရာရှိများက ပြောကြားသည်။**
* အမေရိကန်နိုင်ငံ မီယာမီမြို့ကမ်းလွန်တွင် စက်တင်ဘာ ၁၆ ရက်က အင်အားပြင်းထန်သော မုန်တိုင်းတစ်ခု ဖြစ်ပေါ်ပြီး ကာရေဘီယံကျွန်းအရှေ့ဘက်သို့ ဦးတည်တိုက်ခတ်ခဲ့ရာ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေလွှမ်းခြင်းများဖြစ်ပေါ်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။
* **အင်္ဂလန်နိုင်ငံ ဘလက်ပူးမြို့ရှိ မာနော်ဟိုတယ်တွင် စက်တင်ဘာ ၁၇ ရက်က မီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ လူ ၆၀ အား ဘေးကင်းရာသို့ အမြန် ရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**
* တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ဂန်ဆုပြည်နယ် လန်ကျိုးမြို့တွင် စက်တင်ဘာ ၁၆ ရက်က အားကစားဖွင့်ပွဲတစ်ခု၌ ဟိုက်ဒရိုဂျင်ပူဖောင်းများ ပေါက်ကွဲမှုကြောင့် လူ ၆၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း၊ ဟိုက်ဒရိုဂျင်ပူဖောင်း ၁၅၀၀ ခန့် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။
* **အာဖဂန်နစ္စတန်နိုင်ငံ နက်အလီခရိုင်တွင် စက်တင်ဘာ ၁၇ ရက်က ဗုံးခွဲတိုက်ခိုက်မှုကြောင့် ရှစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**
* ဖိလစ်ပိုင်နိုင်ငံတွင် ယခုနှစ် ပထမကိုးလအတွင်း စက်တင်ဘာ ၁၆ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါကြောင့် လူ ၁၉၀ သေဆုံးခဲ့ရကြောင်း ဖိလစ်ပိုင်မီဒီယာများက ဖော်ပြသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

ဈေးအကြီးဆုံး ဘောလုံးသမားများ ခြေစွမ်း

ကိုးကားတင်ပြသူ-မောင်မောင်မြင့်ဆွေ

လန်ဒန် စက်တင်ဘာ ၁၇

၂၀၀၇-၂၀၀၈ဘောလုံးရာသီ စတင်နေတာဟာ အရှိန်အဟုန်ရစပြုနေပြီ ဖြစ်ပါတယ်။ ပရီမီယာလိဂ်၊ စီးရီးအေ၊ ဘွန်ဒက်စ်လီဂါနဲ့ လာလီဂါတွေမှာ ဒီနှစ်ဈေးကြီးကြီးနဲ့ ခေါ်ယူထားခဲ့တဲ့ ဘောလုံးသမားတွေဟာ ကလပ်အသင်းတွေကို တကယ်တမ်း အကျိုးပြု၊ မပြုဆိုတာ ဆန်းစစ်ကြည့်တဲ့အခါ ငွေကြေးပေးရသလောက် ခြေစွမ်းပြနိုင်တာတွေ့ရပါတယ်။

တောရက်စ်

ဒီနှစ် ပရီမီယာလိဂ်မှာ ဈေးအကြီးဆုံး ပြောင်းလာသူကတော့ စပိန်ကလပ် အက်သလက်တီကိုမှ လီဗာပူးအသင်းကို ပြောင်းရွှေ့လာတဲ့ တောရက်စ်ပဲ ဖြစ်ပါတယ်။ အသက် ၂၃နှစ် အရွယ်ရှိတဲ့ တောရက်စ်ဟာ လီဗာပူးကို ပြောင်းရွှေ့ကြေး ပေါင် ၂၇သန်းနဲ့ ရောက်ရှိလာတဲ့ ဒီနှစ် ပရီမီယာလိဂ်ရဲ့ ဈေးအကြီးဆုံး ဘောလုံးသမားဖြစ်ပါတယ်။

တောရက်စ်ဟာ လီဗာပူးအသင်းမှာ ဒီနှစ်ပရီမီယာလိဂ် ငါးပွဲကစား ပြီးတဲ့အချိန်မှာ ပွဲတိုင်း ပါဝင်ကစားခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပြီး စုစုပေါင်းငါးပွဲမှာ သုံးဂိုးသွင်းယူထားနိုင်ပါတယ်။ တောရက်စ်ဟာ လီဗာပူးအသင်းမှာ အံဝင်ခွင်ကျမှု ရှိလာပြီဖြစ်တဲ့ တိုက်စစ်မှူးဖြစ်နေပါပြီ။

ယခုနှစ်ပရီမီယာလိဂ်၌ လီဗာပူးအတွက် ဂိုးအများဆုံး သွင်းယူပေးမည့် တိုက်စစ်မှူး တောရက်စ်။
(ဓာတ်ပုံ-အင်တာနက်)

လီဗာပူးအတွက် ပထမဆုံးဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ ပွဲကတော့ ပရီမီယာလိဂ်ပွဲစဉ်ဖြစ်တဲ့ ချယ်လ်ဆီးနဲ့ပွဲပါပဲ။ လီဗာပူးအိမ်ကွင်းမှာ ချယ်လ်ဆီးကို တစ်ဂိုးစီ သရေကစားခဲ့တဲ့ပွဲမှာ တောရက်စ်အနေနဲ့ ဂိုးစပြီးသွင်းယူပေးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

တောရက်စ်ရဲ့ ဒုတိယနဲ့ တတိယသွင်းဂိုးတွေကတော့ ပရီမီယာလိဂ်ပွဲစဉ်ဖြစ်တဲ့ ဒါဘီနဲ့ပွဲပါပဲ။ တန်းတက်ဒါဘီကို လီဗာပူးတို့ နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့တဲ့ပွဲမှာ လီဗာပူးအတွက် အနိုင်ဂိုးနှစ်ဂိုးစလုံးကို တောရက်စ်သွင်းယူပေးခဲ့တာပဲ ဖြစ်ပါတယ်။

ဘင်နီတက်ဇ်ကတော့ တိုက်စစ်မှူး တောရက်စ်ဟာ ဒီနှစ်ပရီမီယာလိဂ်မှာတော့ ဂိုးအများဆုံး သွင်းယူနိုင်တဲ့ ဘောလုံးသမားတစ်ဦး ဖြစ်မယ်ဆိုတာ ယုံကြည်တယ်လို့တော့ ပြောကြားနေပါတယ်။ နောက်ပြီး သူ့အတွက် အကုန်အကျခံခဲ့ရတဲ့ ငွေကြေး ပမာဏနဲ့ ထိုက်တန်တဲ့ ခြေစွမ်းရှိသူပါလို့လဲ ပြောကြားလိုက်ပါတယ်။

ချီဗူး

ဒီနှစ် စီးရီးအေဘောလုံးရာသီမှာ ဈေးအကြီးဆုံးပေးရတဲ့ ကစားသမားတစ်ဦးကတော့ စီးရီးအေကလပ် ရိုးမားကနေပြီး အင်တာမီလန်ကို ပြောင်းရွှေ့ခ ပေါင်ငွေ ၁၀ ဒသမ ၈ သန်းနဲ့ ရောက်ရှိလာတဲ့ နောက်တန်းကစားသမား ချီဗူးပဲ ဖြစ်ပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိတဲ့ ရိုမေးနီးယား ခံစစ်မှူး ချီဗူးဟာ ခံစစ်လုံအောင် ကစားနိုင်သလို တိုက်စစ်ကိုလဲ လိုက်ပါဂိုးသွင်းနိုင်သူပါပဲ။ ချီဗူးဟာ ရိုးမားအသင်းမှာ နောက်တန်းခံစစ်မှူးအဖြစ် ၂၀၀၃-၂၀၀၄ ဘောလုံးရာသီကနေပြီး ၂၀၀၆-၂၀၀၇အထိ လေးရာသီတိုင်တိုင် ကစားပေးခဲ့သူဖြစ်ပါတယ်။ ဒီလေးရာသီမှာ ရိုးမားအတွက် ခုနစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။

အခုနှစ် အီတလီစီးရီးအေအတွက် အင်တာမီလန်နဲ့ အတူ သုံးပွဲပါဝင်ကစားခဲ့တဲ့အခါ အဖွင့်ပွဲစဉ်အဖြစ် အမ်ပိုလီအသင်းနဲ့ အဝေးကွင်းမှာ ကစားခဲ့တဲ့အခါ နိုင်ပွဲရရှိခဲ့ပြီး ပေးဂိုးမရှိအောင်၊ ခံစစ်လုံအောင် ကာကွယ်နိုင်ခဲ့သူပါပဲ။ တစ်ဖက်အသင်း တိုက်စစ်မှူးတွေကို ကြားဖြတ် ဟန့်တားတဲ့အခါ အမှားအယွင်းနည်းနည်းနဲ့ ထိထိရောက်ရောက် တားဆီးနိုင်သူအဖြစ် အင်တာမီလန်ပရိသတ်တွေက သဘောကျနေသူ ဖြစ်ပါတယ်။

ချီဗူးဟာ အင်တာမီလန်ကို လောလောဆယ် စီးရီးအေ သုံးပွဲကစားပြီးတဲ့အခါ တန်းစီဇယားဒုတိယနေရာ ရောက်အောင် ပို့ပေးထားနိုင်တဲ့ အင်တာမီလန်ရဲ့ အဓိက ကစားသမားတွေမှာ ပါဝင်နေပါတယ်။

အင်တာမီလန်နည်းပြ မန်စီနီကတော့ ချီဗူးဟာ အင်တာမီလန်အတွက် အဓိကကစားသမားတစ်ဦးအဖြစ်

အင်တာမီလန်ခံစစ်ကြောင်း ပိုမိုခိုင်မာ တောင့်တင်းအောင် စွမ်းဆောင်ပေးနေသည့် ချီဗူး။
(ဓာတ်ပုံ-အင်တာနက်)

အမြန်ဆုံးရောက်ရှိလာပြီဖြစ်တာမို့ အင်တာမီလန်ရဲ့ ဒီနှစ်ခံစစ်ကြောင်းဟာ အတောင့်တင်းဆုံးရှိနေပြီလို့ ပြောကြားနေပါတယ်။

ရီဘာရီ

နောက်တစ်ဦးက ဘွန်ဒက်စ်လီဂါက ဘေယန်မြူးနစ် ကစားသမား ရီဘာရီဖြစ်ပါတယ်။ အသက် ၂၄နှစ် အရွယ်ရှိတဲ့ ကွင်းလယ်ကစားသမား ရီဘာရီဟာ မာဆေးလ်ကလပ်ကနေပြီး ဘေယန်မြူးနစ်အသင်းကို ပြောင်းရွှေ့ခ ပေါင် ၁၇ သန်းနဲ့ ရောက်ရှိလာခဲ့သူပါပဲ။ ဒီနှစ်ဂျာမန်ဘွန်ဒက်စ်လီဂါမှာတော့ ပြောင်းရွှေ့ကြေး အများဆုံးအဖြစ် စံချိန်တင်ထားသူဖြစ်ပါတယ်။

ဘေယန်မြူးနစ် ကွင်းလယ်ဖန်တီးရှင် ဖြစ်လာသည့် ရီဘာရီ။ (ဓာတ်ပုံ-အင်တာနက်)

ရီဘာရီဟာ မာဆေးလ်ကလပ်မှာ ပြီးခဲ့တဲ့ ဘောလုံးရာသီနှစ်ခု ကစားခဲ့တဲ့အခါမှာ ရှစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ အခု ဘွန်ဒက်စ်လီဂါမှာ ဘေယန်မြူးနစ်အတွက် သုံးပွဲ ကစားပေးပြီးတဲ့အခါမှာ တစ်ဂိုးသာ သွင်းယူပေးနိုင်ခဲ့ပေမယ့် တိုက်စစ်မှူးတွေဖြစ်တဲ့ ကလိုဆေ၊ တိုနီနဲ့ ပိုဒေါစကီးတို့ ဂိုးတွေသွင်းယူနိုင်ခွင့်ရအောင် အများကြီးပံ့ပိုးပေးနိုင်ခဲ့တဲ့ ကွင်းလယ်ကစားသမားတစ်ဦး ဖြစ်နေပါတယ်။

ကွင်းလယ်ကစားကွက် နိုင်နိုင်နင်းနင်း ကစားနိုင်ပြီး တစ်ဖက်အသင်း တိုက်စစ်ကို ကွင်းလယ်က ဖြတ်ပြီး ဟန့်တားတဲ့နေရာမှာ ထူးချွန်သူတစ်ဦးပါပဲ။ လောလောဆယ် ဘွန်ဒက်စ်လီဂါ သုံးပွဲကစားပြီးတဲ့အချိန်မှာ တန်းစီဇယားထိပ်ဆုံးမှာ ဘေယန်မြူးနစ်တို့ ဦးဆောင်ခွင့်ရရှိနေတာဟာလည်း ရီဘာရီရဲ့ စွမ်းဆောင်မှုတွေ အများကြီး ပါဝင်နေပါတယ်။

ဒါကြောင့် ဒီနှစ်ဘောလုံးရာသီရဲ့ ဈေးအကြီးဆုံး ဘောလုံးသမားတွေဟာ ထိုက်တန်တဲ့ ခြေစွမ်းတွေပိုင်ဆိုင်ထားလို့သာ ဘောလုံးသမားဈေးကွက်မှာ ဈေးကြီးပေးရခြင်းဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

(ကိုးကား-အင်တာနက်)

မန်ယူ နောက်တန်း ကစားသမား ဆီးပက်စတားလ် ဒူးဒဏ်ရာရ၍ နှစ်ကုန်အထိ နားရဖွယ်ရှိ

လန်ဒန် စက်တင်ဘာ ၁၇

မန်ချက်စတာယူနိုက်တက်အသင်းမှ နောက်ခံလူ မိုက်ကယ်ဆီးဗက်စတားလ်သည် ဒူးခေါင်းအရွတ် ဒဏ်ရာရရှိသွားသဖြင့် ရာသီကုန်အထိ ပြိုင်ပွဲများနှင့် လွဲလိမ့်မည် ဖြစ်ကြောင်း ၎င်းကလပ်ကပြောကြားသည်။ အသက် ၃၀ ရှိ ဆီးဗက်စတားလ်သည် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ရာတွင် ၎င်းဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

လိုအပ်လာ

နောက်တန်းကစားသမား ဆီးဗက်စတားလ်သည် အီဗရာခြေစွမ်းပြကစားလာနိုင်မှုကြောင့် ယခုနှစ်ရာသီတွင် အကန့်အသတ်ဖြင့်သာ ပါဝင်ကစားခဲ့ရသည်ဆိုသော်လည်း ဂါဘရီရယ်ဟိန့်ဇ် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့သွားသဖြင့် ဝဲနောက်တန်းခံစစ်အားအတွက် လိုအပ်လာသည်။

ဒဏ်ရာရရှိထား

သို့ရာတွင် ဒူးခေါင်းခွဲစိတ်ထားသော ပက်ဂျီဆန်သည် ဒဏ်ရာမှပြန်ကောင်းလာပြီ ဖြစ်သည်။ ဆိုးလ်ရှားသည် ကာလရှည် ဒူးခေါင်းဒဏ်ရာရခဲ့မှုကြောင့် ဘောလုံးကစားခြင်းမှ အနားယူခဲ့ပြီဖြစ်သည်။ အိုရှီးယားသည် လွန်ခဲ့သော သီတင်းပတ်က အိုင်ယာလန်အသင်းအတွက် ကစားပေးစဉ် ဒဏ်ရာရရှိထားသည်။

မန်နေဂျာဖာဂူဆန်က မန်ယူအသင်း၏ အနာဂတ်အတွက် လူငယ်ကစားသမားများဖြစ်သည့် ဂျရတ်ပီကေးနှင့် ဂျွန်အီဗန်းစ်တို့ကို အားဖြည့်ထားသည်။

(အင်တာနက်)

အောင်ပွဲခံ

ဂျေးစကော့(ယာ) အင်္ဂလန်အသင်းအတွက် ဂိုးသွင်းပြီး အောင်ပွဲခံနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စုစည်းတင်ပြသူ မြင့်မောင်စိုး

ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ အင်္ဂလန်အသင်းကွာတားဖိုင်နယ်တက်ရောက်

လန်ဒန် စက်တင်ဘာ ၁၇

ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲများကို ယှဉ်ပြိုင် ကစားလျက်ရှိရာ အင်္ဂလန်အမျိုးသမီးဘောလုံးအသင်းသည် အာဂျင်တီးနားအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး ကွာတားဖိုင်နယ်သို့တက်ရောက်သွားပြီဖြစ်သည်။

ဦးဆောင်ကစားနိုင်

အင်္ဂလန်အသင်းသည် ပွဲစပြီး ၁၀ မိနစ်အကြာ အာဂျင်တီးနားမှ အီဗာဂွန်ဇာလက်၏ ကိုယ့်ဂိုးကိုယ်သွင်းဂိုးနှင့် ဂျေးစကော့တို့၏ဂိုးတို့ဖြင့် စတင်ဦးဆောင်ကစားနိုင်ခဲ့သည်။

အာဂျင်တီးနားအသင်းမှ ပီရက်သည် ဒုတိယပိုင်းတွင် ပြိုင်ပွဲမှ နှစ်ဝါတစ်နီဖြင့်ထွက်ခဲ့ရသည်။ သို့ရာတွင် ဂွန်ဇာလက်က ပယ်နယ်တီမှတစ်ဆင့် အာဂျင်တီးနားအသင်းအတွက် ချေပဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ခြောက်ဂိုး-တစ်ဂိုး

အင်္ဂလန်အသင်းအတွက် ကယ်လီစမစ်နှင့် ဗစ်ကီတို့က နှစ်ဂိုးစီထပ်မံသွင်းယူခဲ့ကြသဖြင့် ပွဲအပြီး အင်္ဂလန်က အာဂျင်တီးနားအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရသွားသည်။

(အင်တာနက်)

မီးဖွားပြီး တင်းနစ်ပြန်ကစားသည့် ဒေဗင်ပို့စ် ဘာလီ၌ ပထမဆုံးအကြိမ်ဆုဖလား ဆွတ်ခူး

ဘာလီ ကလပ်ဆစ်တင်းနစ်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီး သားငယ်နှင့်အတူ အောင်ပွဲခံနေသော ဒေဗင်ပို့စ်။ (ဓာတ်ပုံ-အင်တာနက်)

ဘာလီ စက်တင်ဘာ ၁၇

လင်ဆေးဒေဗင်ပို့စ်သည် ဘာလီ ကလပ်ဆစ်တင်းနစ်ပြိုင်ပွဲတွင် ဟန်တူချူဗာအား ၆-၄၊ ၃-၆၊ ၆-၂ ဖြင့်နိုင်ပြီး ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

ဆွတ်ခူးနိုင်

အသက် ၃၁နှစ်ရှိ အမေရိကန် တင်းနစ်အားကစားမယ် လင်ဆေးဒေဗင်ပို့စ်သည် သားလေးဂျက်ဂျာအား မွေးဖွားရန် တစ်နှစ်နီးပါးအနားယူခဲ့ပြီးနောက် ပြန်လည် ကစားရာတွင် ပထမဆုံး ဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားဟောင်းသည် ယမန်နှစ် ဆောင်းရာသီက ကျောဒဏ်ရာရထားခဲ့မှုကြောင့် ပြိုင်ပွဲမှ အနားယူခဲ့ရသည်။

ဒေဗင်ပို့သည် ဆလိုဗက် တင်းနစ်မယ် ဟန်တူချူဗာနှင့် ခုနစ်ကြိမ်ဆုံတွေ့ခဲ့ရာ ဒေဗင်ပို့စ်က ခုနစ်ကြိမ်စလုံး အနိုင် ကစားနိုင်ခဲ့သည်။

ဆွတ်ခူးနိုင်

သူမသည် ယခုနှစ်အတွင်း ဖလားဆွတ်ခူးနိုင်သည့် ဒုတိယမြောက်ကလေးမိခင်ဖြစ်လာသည်။ ယခင်က ကလေးမိခင် ဩစတြေးလျနိုင်ငံမှ တင်းနစ်မယ် ဘမ်မာသည် ဖေဖော်ဝါရီလက ပတ္တနား၌ ကျင်းပသော ပြိုင်ပွဲတွင် ဆုဖလားဆွတ်ခူးနိုင်ခဲ့ဖူးသည်။

(အင်တာနက်)



ကျန်းမာခြင်းလက်ဆောင်

အော်ရာမင်–ဂျီ အားဆေးကို ဝယ်ယူအားပေးကြသော မိတ်ပြည်သူများသို့ ကျေးဇူးတုံ့ပြန်သောအားဖြင့်
“ ငွေကျပ် (၁၀,၀၀၀) ” ဖိုးအထိ အခမဲ့ ကျန်းမာရေးစစ်ဆေးခွင့် (သို့) ဆေး (၂)ဘူးဖြင့် လဲလှယ်ခွင့်
“ ကူပွန် ” စောင်ရေ (၃,၀၀၀) ကို ဆေးဘူးအချို့ထဲတွင် ထည့်ပေးထားပါသည်။
အမြင့်မားဆုံးဂါရဝတရားကို အကောင်းဆုံးပြသနိုင်ဖို့ အမြတ်ဆုံးလှူဖွယ်ပစ္စည်း **အော်ရာမင်–ဂျီ**

အမည်ပြောင်း

အဖ ဦးဉာဏ်ထွန်း၏သားငယ် အမှတ် ၅၆၊ သြဘာလမ်း၊ ကျောက်မြောင်းကြီး ရပ်ကွက်နေ မောင်အာကာထွန်း ၁၂/တမန(နိုင်)၀၇၄၉၅၁အား မောင်ဟိဏ်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟိဏ်းအောင်။

အမည်ပြောင်း

အဖ ဦးမြသွင်၏သမီး ရေတာရှည်မြို့ အထက တက္ကသိုလ်ဝင်တန်း(B)မှ မငြိမ်းဆုရည်အား မငြိမ်းစုရည်ဟု ပြောင်းလဲခေါ်ပါရန်။ **မငြိမ်းစုရည်။**

ဖခင်အမည်မှန်

ရေးမြို့နယ်၊ အစင်ကျေးရွာ၊ ဇီဇဝါလမ်းနေ မောင်သိန်းထွန်းထွေး၏ ဖခင်အမည်မှန်မှာ ဦးစိန်သောင်း ၁၀/ရမန(နိုင်)၀၆၄၃၂၅ ဖြစ်ပါကြောင်း။

မောင်သိန်းထွန်းထွေး။

အမည်ပြောင်း

အထက(၂)ကြည့်မြင်တိုင် သတ္တမတန်း(စီ)မှ အဖ ဦးခင်မောင်ဦး၏သမီး မမြရွှေစင်အိအား မအေးချမ်းမြင့်မြတ်ဟု ပြောင်းလဲခေါ်ပါရန်။

မအေးချမ်းမြင့်မြတ်
၁၂/ကမတ(နိုင်)၀၇၁၆၇၇။

ဆရာမောင်မောင်သန်း(စစ်တွေ)
သိပ္ပံလက္ခဏာ–ဗေဒင်

အမှတ်(၁၂၀)၊ ၃–ထပ်၊ ကျောက်မြောင်းလမ်း (မှတ်တိုင်အနီးစတိုးရှေ့)၊ ကျောက်မြောင်း၊ တာမွေ ရန်ကုန်၌ ဟောပြောဆောင်ရွက်ပေးနေပါ၍ မိတ်ဟောင်းမိတ်သစ်များအားအသိပေးအပ်ပါသည်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပမ/၈၉၆၈ Kenbo Dream ၊ 125/M/Cယာဉ်လက်ဝယ်ရှိသူအမည် ဦးမင်းဒင် မှတ်ပုံတင်အမှတ် ၇/ပမန(နိုင်)၀၅၄၄၂၅ကယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့။

အခြေခံ ကမ္ဘာသုံး တရုတ်–မြန်မာ စကားပြော

တရုတ်စကားပြောနိုင်ငံများသို့ အလုပ်အကိုင်၊ အလည်အပတ်၊ အရောင်းအဝယ်ကိစ္စ သွားရောက်မည့်သူများအတွက် ကိုယ်တိုင်လေ့လာနိုင်သောသင်ကြားရေး VCD

၆၁၂/၂၀၀၇
၁၁–၇–၂၀၀၇

ဖြန့်ချိရေး – အယ်ဒီရာဒိုစီဒီယိုထုတ်လုပ်ရေး
ဖုန်း – ၃၈၁၂၁၇၊ ၃၉၁၅၃၉။

ထွက်ပြီ (၂ ချပ်တွဲ)

CD/VCD အရောင်းဆိုင်များတွင်မေးဝယ်ပါ။
ဆိုင်တင်လိုသောစာအုပ်ဆိုင်များအမြန်ဆက်သွယ်ပါ။

EUROPA ENGLISH FOR EVERYONE !
INTERNATIONAL EDUCATION ACADEMY

အင်္ဂလိပ်စာပေကျွမ်းကျင်မှုသင်တန်းများ

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ အဲ့ကြီး နှင့် အဲ့ရများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာဝန်များ၊ ကုမ္ပဏီဝန်ထမ်းများ နှင့် အင်္ဂလိပ်စာပေကို ကျွမ်းကျင်စွာတတ်မြောက်လိုသူများ တက်ရောက်နိုင်ပါသည်။

Level I : Pre-Intermediate Level
Level II : Intermediate Level
General English Course

4 Skills

ရန်ကုန်သင်တန်းများ – 2. 10. 2007 (Tue) စမည်၊
နေပြည်တော် – နေ့ တနင်္ဂနွေ သင်တန်းများ– 23. 9. 2007 (Sat) စမည်၊
ရန်ကုန်(မှုရုံး)– အမှတ်(၆၉)၊ ကျောင်းလမ်း၊ အလုံခန်းမအနီး၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ Phone:01-220400
နေပြည်တော် – နေပြည်တော် သပြေကုန်းမြို့မရပ်၊ Phone:067- 414648
နိုင်ငံ့ဝန်ထမ်းများအတွက်အထူးအစီအစဉ်ရှိပါသည်။စာရင်းသွင်းစတင်လက်ခံနေပါပြီ။

ရုံးချိန်လွတ် Practical A+ Course - only 6 persons

ကွန်ပျူတာပြုပြင်ထိန်းသိမ်းခြင်းသင်တန်း + On Site Training

သင်တန်းပြီးဆုံးပါက ကွန်ပျူတာပြုပြင်ခြင်း လုပ်ငန်းခွင်အတွေ့အကြုံ ရရှိပြီးမှအောင်လက်မှတ်ရရှိပါမည်
(Mon to Fri 5:30-7:30pm)(SAT,SUN: 12:00-2:00pm) , 35,000 Ks,

Nawarat Computer Sales, Service, Rental & Training Center
Tel: 39 20 47, 09-51-64636, 09-51-33220

ရောင်းမည်

Super Roof VAN 87
ဓာတ်ဆီ Taxi
၁က/သုံးထောင်ကျော်
ဖုန်း–၀၉–၅၁–၇၂၀၅၄။

ရောင်းမည်/ငှားမည်

ဘိုကလေးဈေးလမ်း၊ အပေါ်ဘလောက်၊ မြေညီထပ် ၂၅ပေ x ပေ ၆၀ ထပ်ခိုးပါ၊ ဖုန်း၊ အဲယားကွန်းပါ။

ဖုန်း–၂၄၆၁၆၇၊
၀၉–၅၁–၁၅၂၄၀။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မျိုးလွင်(ခ)ကျော်ဝေရှိ ကိုင်ဆောင်သော နိုင်ငံသားအမှတ် ၁၃/လရန(နိုင်)၀၈၆၂၈၂ မှတ်ပုံတင်သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း–၅၄၃၇၀၃၊ ၀၉–၈၀၂၁၇၀၈။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄–ဘီ၊ မြေကွက်အမှတ် ၂၀၂၊ မြေကွက်တည်နေရာ အမှတ် ၄၁၊ ၅လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်သန်းကြည် ၁၂/မဂတ(နိုင်)၀၆၁၉၇၀ အမည်ပေါက်တရားဝင် မခွဲစိတ်ရသေးသော နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် (ဒေါ်သန်းကြည် ကွယ်လွန်၍ ပိုင်ဆိုင်ကြောင်းစာချုပ် $\frac{၁၆၄၀/၀၆}{၃–၅–၂၀၀၆}$ ဖြင့် ပိုင်ဆိုင်သူ ဦးအောင်ကျင်) သားသမီးမရှိဘဲ ကွယ်လွန်သဖြင့် ဦးမောင်မောင်ကြီး ၁၂/ဥကတ(နိုင်)၀၅၅၆၄၇က ညီတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

သင့်သွေးဖြင့် အသက်ကယ်ပါ

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၃၄၇၁ Toyota Hilux Surf SW (4 x 4)R ယာဉ်လက်ဝယ်ရှိသူအမည် ဦးဘိုမြင့် မှတ်ပုံတင်အမှတ် ၁၂/ပဇတ(နိုင်)၀၂၂၈၄၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး၊အနောက်ပိုင်းခရိုင်၊ရန်ကုန်မြို့။**

ယာဉ်အမည်ပြောင်းရန်ဆက်သွယ်ပါ

ယာဉ်အမှတ် ဒ/၉၈၅၂ လက်ဝယ်ရှိသူသည် အမည်ပြောင်းကိစ္စ ဆောင်ရွက်ရန် ခုနစ်ရက်အတွင်း ဆက်သွယ်ပါရန်။ **ဦးကျော်မိုး**
ဖုန်း–၀၉–၅၀၀၀၇၅၈။

Toyota Cresta (Taxi)

ဓာတ်ဆီအင်ဂျင်ပြုပြင်ပြီး အိမ်ပေးငှားမည်။

ရုံးချိန်အတွင်း
ဖုန်း–၀၉–၉၀–၅၀၀၈၀၊
၀၁–၅၄၆၇၇၄။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ရေးမြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်စည်းဝေး တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်စွာအောင်မြင်သူများအားဂုဏ်ပြု

ရန်ကုန် စက်တင်ဘာ ၁၇

မွန်ပြည်နယ် ရေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၇)နှင့် ထူးချွန်ကျောင်းသားကျောင်းသူများ ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ရက် နံနက် ၉နာရီက ရေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ချိုထွန်းအောင် တက်ရောက်အမှာစကားပြောကြားသည်။

ဆွေးနွေး

အစည်းအဝေးတွင် မြို့နယ်ခေတ္တအတွင်းရေးမှူး ဦးစိုးသက်က နှစ်ပတ်လည်အစီရင်ခံစာကိုဖတ်ကြားပြီး ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးကြသည်။ ထို့နောက် ၂၀၀၆–၂၀၀၇ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူ ၄၄ဦးအား ဆုချီးမြှင့်ကြပြီး ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ အလှူရှင်များက အလှူငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြောင်းသိရသည်။ **(က–ပ)**

သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်ဆေးဖျန်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၇

သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့ပေါ်လေးရပ်ကွက်မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ စုပေါင်း၍ စက်တင်ဘာ ၁၂ရက်နှင့် ၁၃ရက်တို့တွင် မြို့မဈေး၊ ဆေးရုံ၊ စာသင်ကျောင်းများ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် ဒုဦးစီးမှူး(အခွန်) ဦးနီနီတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

အင်းစိန်မြို့နယ်တွင် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

အင်းစိန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက်၁၀နာရီခွဲက တောင်သူကုန်း ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ဆက်လက်၍ အထက(၁)ကျောင်း၌ စာဖတ်ဝိုင်းကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က စာကြည့်တိုက် အကြောင်း သိကောင်းစရာများကို ဟောပြောကာ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၏စာအုပ်များမှ စာဖတ်ကျင့်ဆောင်းပါးကို ကျောင်းသား မောင်စောမျိုးမင်းနှင့် မောင်စောစတီဗင်က လည်းကောင်း၊ အောင်မြင်ခြင်း ဆောင်းပါးကို ကျောင်းသူ မစန်းသူကျော်က လည်းကောင်း၊ ငယ်စဉ်အခါ ပညာရှာ ဆောင်းပါးကို ကျောင်းသူ နော်ထူးဝါးကလည်းကောင်း၊ သွေးလွန်တုပ်ကွေး အကြောင်း သိကောင်းစရာကို ကျောင်းသူ မခင်မို့မို့သူကလည်းကောင်း အသီးသီးဖတ်ကြားကြသည်။ **(ခရိုင် ပြန်/ဆက်)**

အင်တာနက် ဖောင်ပိတ် သတင်း

ဘင်္ဂလားဒေ့ရှ်ယာဉ်မတော်တဆမှု ၁၀ဦးသေဆုံး

ဒါကာ စက်တင်ဘာ ၁၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၏အရှေ့တောင်ဘက် ကီလိုမီတာ၉၀အကွာ ကိုမီလာခရိုင်တွင် စက်တင်ဘာ ၁၇ရက် တစ်နေ့တည်း မတော်တဆမှုသုံးကြိမ်ဖြစ်ပွားရာ ၁၀ဦးသေဆုံးပြီး ၃၀ဒဏ်ရာရရခဲ့ကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။ ယင်းနေ့မွန်းလွဲပိုင်းတွင် ကိုမီလာနှင့် ဆီလက်ဒေသကိုဆက်သွယ်သော အဝေးပြေးလမ်းမပေါ်တွင် ခရီးသည်တင် သုံးဘီးစက်ဘီးတစ်စီးကို အရှိန်ပြင်းစွာမောင်းနှင်လာသောကားတစ်စီးက ဝင်တိုက်ခဲ့ရာမှ ခုနစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရခဲ့သည်။ အခြားဖြစ်စဉ်တွင် လမ်းဘေး၌လျှောက်နေသူ လူအုပ်စုကို ကားကအရှိန်လွန်ပြီးဝင်တိုက်ခဲ့မှုကြောင့် နှစ်ဦးသေဆုံးခဲ့သည်။

တိမ်းမှောက်

တတိယဖြစ်ရပ်တွင် ဒါကာမြို့နှင့် စစ်တကောင်းမြို့ကိုဆက်သွယ်သည့် အဝေးပြေးလမ်းမတွင် ခရီးသည်တင်ဘတ်စ်ကားတိမ်းမှောက်မှုကြောင့် အမျိုးသားတစ်ဦးသေဆုံးပြီး ၂၅ဦးဒဏ်ရာရခဲ့ကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။

အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၇

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲကို နတ်တော်လဆန်း ၅ရက်၊ ၆ရက်နှင့် ၇ရက် (ဒီဇင်ဘာ ၁၄ရက်၊ ၁၅ရက်နှင့် ၁၆ရက်)တို့တွင်ခွင့်ပြုထားသော စာဖြေဌာနတို့၌တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

ဖြေဆိုနိုင်

အဘိဓမ္မာ(ရိုးရိုး)နှင့် အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲများကို အစိုးရပထမငယ်တန်း (သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲကို ဖြစ်စေ၊ ဝိသုဒ္ဓိမဂ် စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း (သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

ထပ်မံဖြေဆို

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်စလုံးဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်စလုံး အပြည့်အစုံမအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်စလုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

တောင်းယူနိုင်

စာမေးပွဲ ဝင်ခွင့်တောင်းလွှာများနှင့် ကြေညာချက်များကို သက်ဆိုင်ရာ စာဖြေဌာနများတည်ရှိရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသို့ ပေးပို့ထားပြီးဖြစ်၍ ယင်းရုံးများတွင် ဖြေဆိုလိုသည့်ပုံစံများကိုတောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး

မန္တလေး စက်တင်ဘာ ၆

မန္တလေးတိုင်း ကျန်းမာရေးကော်မတီ (၈/၂၀၀၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၁ ရက် ညနေ ၃ နာရီက မန္တလေးတိုင်း ကျန်းမာရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်း၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

ရှေ့လုပ်ငန်းစဉ်

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်ပြုံးဝင်း **(ယာပုံ)** နှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းတို့က အမှာစကားပြောကြားကြပြီး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်မောင်ထွန်းက (၇/၂၀၀၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြသည်။

ဆွေးနွေး

ဆက်လက်၍ မန္တလေးအထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာစိုးဝင်းက တစ်နှစ်အောက်ကလေးသေနှုန်းနှင့် မိခင်သေနှုန်းကျဆင်းရေးကို လည်းကောင်း၊ မျက်စိ၊နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံအုပ်ကြီး ဒေါက်တာသိန်းဝေက ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ ကလေးဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်သိန်းက သွေးလွန်တုပ်ကွေးရောဂါ လျော့ပါးလာမှု အခြေအနေကိုလည်းကောင်း ဆွေးနွေးတင်ပြကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဩဂုတ် ၁၁ ရက်က ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ရမည့် ကမ်းနားလမ်းကို ရခိုင်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာဦးထွန်းဦးကြည်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဘာသာ၊ ပညာ၊ ကျန်းမာရေးအလှူငွေ စီမံခန့်ခွဲရေးကော်မတီ ဝါဆိုသင်္ကန်း ကပ်လှူ၊ ပညာသင်စရိတ် ထောက်ပံ့

တောင်ငူ စက်တင်ဘာ ၅

တောင်ငူမြို့ သီရိသုမင်္ဂလာဓမ္မသီဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသီဂီ ရွှေနှင်းဆီဒေါ်အုန်းခင်၏ ဘာသာ၊ပညာ၊ကျန်းမာရေးအလှူငွေ စီမံခန့်ခွဲရေးကော်မတီက ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဒုတိယအကြိမ် ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၄ရက်က ရွှေနှင်းဆီဒေါ်အုန်းခင် အလှူငွေစီမံခန့်ခွဲရေးကော်မတီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များအား ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြပြီး ဒုတိယအကြိမ် ပညာသင် စရိတ်ထောက်ပံ့ငွေ ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ သဘာပတိရွှေနှင်းဆီအလှူငွေ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိန်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း**(ယာပုံ)**တို့က အမှာစကားပြောကြားကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ရွှေနှင်းဆီအလှူငွေ စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးမြင့်ညို (အမေ့အိမ်)က ပညာသင်စရိတ် ထောက်ပံ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆေးကျောင်းသူ ကျောင်းသား ၁၁ဦးအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် လည်းကောင်း၊ အခြားတက္ကသိုလ်၊ ကောလိပ်ကျောင်းသူ ကျောင်းသား ၂၃ဦးတို့အတွက် တစ်ဦးလျှင်ငွေကျပ် ၅၀၀၀၀နှုန်းဖြင့် လည်းကောင်း စုစုပေါင်းငွေကျပ် ၂၀၃၀၀၀၀ကို စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့်အဖွဲ့ဝင်များက ပေးအပ်ချီးမြှင့်ကြသည်။ **(၃၇၂)**

သစ်တောစိုက်ခင်းဧက ၃၀ စိုက်ပျိုးပြီးစီးမှု သီပေါမြို့၌ အထိမ်းအမှတ် ဆိုင်းဘုတ်တင်

သီပေါ စက်တင်ဘာ ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်သစ်တောဦးစီးဌာန၏ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သစ်မျိုးစုံ သစ်တောစိုက်ခင်းများ တည်ထောင်ရေး အစီအစဉ်အရ သီပေါမြို့မှ ပုဂ္ဂလိကလုပ်ငန်းရှင်များ ဖြစ်ကြသည့် ဦးအောင်ဝင်းစိန်–ဒေါ်အေးကြိုင်(မြတ်အောင် ရောင်းဝယ်ရေး) မိသားစုတို့က သီပေါမြို့နယ် နမ့်ကြိုးဝိုင်းအကွက်အမှတ်(၄)တွင် ၂၀၀၇–၂၀၀၈ခုနှစ်မှစ၍ ယမနေ၊ ပိတောက်၊ ပျဉ်းကတိုးစသည့် သစ်မျိုးစုံ သစ်တောစိုက်ခင်းဧက ၃၀ကို တည်ထောင်စိုက်ပျိုးပြီးစီးသည့် အထိမ်းအမှတ်နှင့် ဆိုင်းဘုတ်တင်မင်္ဂလာ အခမ်းအနားကို စက်တင်ဘာ၄ရက် နံနက်၁၀နာရီက သီပေါမြို့နယ် စံလောင်းကျေးရွာ အဆိုပါ ကြိုးဝိုင်းရှေ့၌ ကျင်းပသည်။

ထို့နောက် ပုဂ္ဂလိကလုပ်ငန်းရှင်များ သစ်မျိုးစုံ သစ်တော စိုက်ခင်းများ စိုက်ပျိုးရာ၌ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သစ်တောသယံဇာတ ထာဝစဉ်တည်တံ့ရေးတို့အတွက် ဒေသခံပြည်သူများ စီးပွားရေးဖွံ့ဖြိုး၍ ထာဝရကုသိုလ်လည်း ရရှိစေရန် ၂၀၀၇–၂၀၀၈ခုနှစ်တွင် ကျောက်မဲခရိုင်အတွင်းရှိ မြို့နယ်များတွင် ပုဂ္ဂလိကလုပ်ငန်းရှင် ၂၆ ဦးတို့က သစ်မျိုးစုံသစ်တောစိုက်ခင်းများကို တစ်နှစ်လျှင် ၁၆၈ ဧကဖြင့် ငါးနှစ်ဆက်တိုက် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေတာရှည်မြို့နယ်အတွင်းရှိ ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ကျောက်ချောလမ်းခင်းရန်အတွက် ဩဂုတ် ၂၂ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုတို့ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဌေးနှင့် တာဝန်ခံအင်ဂျင်နီယာဦးသက်နိုင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရွှေကျင် ပြည်သူ့ဆေးရုံသို့ ဆေးပဒေသာပင်လှူဒါန်း

ရွှေကျင် စက်တင်ဘာ ၉

ပဲခူးခရိုင် ရွှေကျင်မြို့ ပြည်သူ့ဆေးရုံ(ခုတင်၁၀၀) ဆေးပဒေသာပင်လှူဒါန်းပွဲကို ဩဂုတ် ၂၉ရက်က အဆိုပါ ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာနယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးလှဝေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များနှင့်အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဗိုလ်မှူးကြီးလှဝေက အမှာစကားပြောကြားပြီး အလှူရှင်များ၏ လှူဒါန်းငွေများကို တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။ (အောက်ပုံ)

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက လှူဒါန်းငွေကျပ် ၁၀ သိန်း အပါအဝင် အလှူရှင်များ၏ စုစုပေါင်း အလှူငွေကျပ် ၃၇၅၀၀၀၀ လှူဒါန်းရာ ဆေးရုံတွင် ဆေးပဒေသာပင်အတွက် ငွေကျပ် သိန်း ၆၀ ရှိပြီဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်ရွှေမြို့ ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပြုစုပျိုးထောင်

ညောင်ရွှေ စက်တင်ဘာ ၅

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ဩဂုတ် ၁၁ရက်က လမ်းဘေးဝဲယာ တစ်လျှောက် ပန်းအလှပင်များ ထာဝရဖူးပွင့်စေရေး၊ ပျိုးဥယျာဉ်တွင်ပျိုးပင်များ အမြဲမပြတ်ရှိစေရေးအတွက် မြေဆွေးများ ဆန်ခါချခြင်း၊ ပျိုးအိတ်ထုပ်ခြင်း၊ အရိပ်ရပင်၊ ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင် ဦးစီးအရာရှိ ဦးလင်းထွဋ် ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၀၂၇)

သွေးလွန်တုပ်ကွေး ရောဂါကာကွယ် တောင်တွင်းကြီး၌ ပိုးလောက်လမ်း စုပေါင်းနှိမ်နင်း

တောင်တွင်းကြီး စက်တင်ဘာ ၁၀

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ပိုးလောက်လမ်းနှိမ်နင်းခြင်းလုပ်ငန်းများကို စက်တင်ဘာ ၁ရက် နံနက် ၇နာရီမှစတင် ၍ မြို့ပေါ် ၁၀ရပ်ကွက်၌ တစ်ပြိုင်တည်း စုပေါင်းဆောင်ရွက်ကြသည်။

စုပေါင်းဆောင်ရွက်

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုပေါင်း၍ ပိုးလောက်လမ်းနှိမ်နင်းခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ထန်းတပင်မြို့၌ ထပ်ပိုးလွှာခင်းရန် ကျောက်များစုဆောင်း

ထန်းတပင် စက်တင်ဘာ ၄

ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သစ်လမ်းကတ္တရာထပ်ပိုးလွှာခင်းရန်အတွက် ကျောက်များ စုဆောင်းထားမှုကို ဩဂုတ် ၂၁ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စိုးက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

18-9 (15) 1 9/18/07, 2:25 AM

ဂုဏ်ရည်အရိုးအကြောလိမ်းဆေးအဆီ

ဝဝဝ၈ ပိုင် ဝ၇၆ဝ၁
၁၁/၂ဝဝ၅ တဆထလ/ပုံး (ဝ၂၉၉)

ဤလိမ်းဆေးသည် ဆေးစွမ်းထက်မြက်လှသည့်ဆေးခေါက်၊ ဆေးမြစ်၊ သစ်ဥ၊ ဆေးရွက်တို့ကိုပေါင်းခံကာ အဆီအနှစ် သီးသန့်ထုတ်လုပ်ထားသည့် အတွက် အဆစ်ရောင်ကိုက် ရောဂါကြောင့် ကိုက်ခဲခြင်း၊ ကျီးပေါင်း တက်ခြင်း၊ ဇက်ကြော တက်ခြင်း၊ ဇက်ခိုင်၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ အရိုးအကြော အဆစ်ရောင်ရမ်းခြင်း၊ ခါးနာ၊ ခါးကိုက်ခြင်း၊ ဒူး၊ ဖနောင့်၊ ဖဝါး၊ ခြေလက်ထုံကျဉ်ခြင်း၊ အကြော တက်ခြင်း၊ နာကျင် ခြင်းများကို သက်သာပျောက်ကင်းစေသည်။

ဤဆေး၏ ထူးခြားချက်မှာ ဖယောင်းလုံးဝမပါရှိသည့်အတွက် ချွေးပေါက်ပိတ်ခြင်းမရှိပါ။
အမှတ် (၈၂/၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်။ Ph: 641501,

အမြို့မြို့ရှိ ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

The New Light of Myanmar သတင်းစာတိုက် အငယ်တန်းသတင်းထောက်ရာထူး နေရာ ခန့်ထားရေးအတွက် လူတွေ့စစ်ဆေးရန်ခေါ်ယူခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ The New Light of Myanmarသတင်းစာတိုက်တွင် အငယ်တန်းသတင်းထောက်၊ လစာနှုန်း ကျပ် (၃၉ဝဝဝ-၁ဝဝဝ-၄၄ဝဝဝ)ရာထူး ၁ဝ နေရာတွင် ဖြည့်စွက်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို ၉-၉-၂ဝဝ၇ ရက်နေ့ကကျင်းပခဲ့ရာ ရေးဖြေအောင်မြင်သူများကို အောက်ပါခုံအမှတ် အစီအစဉ်အတိုင်း လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၂၂-၉-၂ဝဝ၇ (စနေနေ့) မွန်းတည့် ၁၂-နာရီ
ခုံအမှတ်-၁ဝ။ ၂၂။ ၃၅။ ၄ဝ။ ၄၃။ ၄၈။ ၅၃။ ၅၉။ ၆ဝ။ ၆၂။ ၆၅။ ၆၈။ ၇ဝ။ ၇၇။ ၇၈။ ၉ဝ။

၂၃-၉-၂ဝဝ၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂-နာရီ
ခုံအမှတ်- ၁ဝ၂။ ၁ဝ၄။ ၁ဝ၅။ ၁ဝ၉။ ၁၁၂။ ၁၁၆။ ၁၁၇။ ၁၂ဝ။ ၁၃၈။ ၁၄ဝ။ ၁၅၁။ ၁၅၃။ ၁၅၆။ ၁၅၉။ ၁၆၅။ ၁၇၂။ ၁၈၇။

အဆိုပါလူတွေ့ဖြေဆိုကြမည့်သူများသည် ရန်ကုန်မြို့၊ အမှတ်-၂၂/၃၂၊ ကမ်းနားလမ်း၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်သို့ ဖော်ပြပါနေ့ရက်အစီအစဉ် အတိုင်းလာရောက် လူတွေ့စစ်ဆေးခံရန်ဖြစ်ပါသည်။

လာရောက်ဖြေဆိုကြသည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် သက်ဆိုင်ရာ အထောက်အထားများ၊ အောင်လက်မှတ်မူရင်းများကိုပါတင်ပြရပါမည်။ အသေးစိတ် အချက်အလက်များသိရှိလိုပါက နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်၊ စီမံရေးရာဌာန၊ ဖုန်း ၃၉၂၂၂၅ နှင့် ၃၉၂၂၂၆ တို့သို့ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

လေးမျက်နှာမြို့ သန့်ရှင်းလှပရေး စုပေါင်းဆောင်ရွက်

လေးမျက်နှာ စက်တင်ဘာ ၈

လေးမျက်နှာမြို့အဝင်မုခ်ဦးနှင့် ဗိုလ်ချုပ်လမ်းမကြီးဘေးဝဲယာတစ်လျှောက် သန့်ရှင်းသာယာလှပရေးအတွက် လေးမျက်နှာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်စိုး ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများစုပေါင်းကာ ဩဂုတ်၁၇ရက်က သန့်ရှင်းရေးဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးခင် မောင်သန်း ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ **(က-ပ)**

အမည်ပြောင်း

နတ်တလင်းမြို့ မြို့မ အလက သတ္တမတန်း (D)မှမောင်ဝေယံမိုးအား မောင်ကောင်းမြတ်မျိုးထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။**မောင်ကောင်းမြတ်မျိုးထွဋ်။**

အိမ်မဲမြို့ ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းဆန်တော်နှင့် ဝတ္ထုငွေဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ်၁၂ရက်က အထက်ပိုင်းရပ်ကွက် သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ ပင့်သံဃာ ၃၂ ပါးအား မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များ စုပေါင်း၍ ကျောင်းတိုက်ပေါင်း ၃၂ ကျောင်းမှ ဝါဆိုသံဃာ ၂၅၈ ပါးအား ဆွမ်းဆန် ၁၂၁အိတ်နှင့် ဝတ္ထုငွေကျပ် ၂၅၈ဝဝဝဝကို ဆက်ကပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

မြို့ဝင်ဆိုင်းဘုတ်၌ မြေခင်းအလှပြုပြင်

သံဖြူဇရပ် စက်တင်ဘာ ၁ဝ

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ သံဖြူဇရပ်မြို့ မြို့အဝင် ဆိုင်းဘုတ်၌ မြေခင်းအလှပြုပြင်မှုများ တိုးတက်ကောင်းမွန်ရန် ဆောင်ရွက်မှုများကို စက်တင်ဘာ ၂ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(က-ပ)**

မိဘနှစ်ပါးဖြစ်သော ဦးဘအေး - ဒေါ်ကင်ကြည်တို့အား ရည်စူး၍ ရန်ကုန်တိုင်း အလုံမြို့နယ်၅ရပ်ကွက် နွယ်သာကီလမ်းနေ ဗိုလ်ကြီး ဒေါ်တင်ဝင်း (ငြိမ်း)၊ မောင်နှမတစ်စုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်းမင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်း တော် ကြီး အတွက် အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ပိဋကနှစ်ပုံဆောင်ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးအတွက် ရေတင်အင်ဂျင်စက်အသစ်တစ်လုံး တပ်ဆင်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၅ရက်က အမှုဆောင်အရာရှိ ဦးဂျော့ချ်မျိုးမြင့်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂)ဒေါ်ဇင်ဇင်သက်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မဟာပဝါရဏာပွဲ ရွှေတောင်မြို့နယ်၌ ကျင်းပမည်

ရွှေတောင် စက်တင်ဘာ ၁ဝ

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ် နွားမယံကျေးရွာ အုပ်စု ပြည်-ရန်ကုန်လမ်း ရဟန္တာ(၈ဝ) ကျောင်းတိုက် ပရိဝုဏ်အတွင်းရှိ ဘုရားရှင်နှင့် ရဟန္တာအပါး ၈ဝ သီတင်းသုံးတော်မူသော ရှေးဟောင်း သမိုင်းဝင် မဟာသိမ်တော်ကြီး၌ ဘုရားရှင်နှင့် ရဟန္တာအပါး၈ဝတို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ပန်း၊ ဆီမီး၊ ရေချမ်း တို့ကို ခုနစ်ရက်ခုနစ်လီ ကပ်လှူပူဇော်ပွဲနှင့် ရွှေတောင်မြို့နယ် အတွင်းရှိ သံဃာတော်အပါး၃၆ဝ မဟာပဝါရဏာပွဲကို နယ်လှည့် သာသနာပြု မုံ့ရှင်ဆရာတော် ဘဒ္ဒန္တ ခေမာစာရက ဦးစီး၍ ဒါယကာ၊ ဒါယိကာမများက အောက်တိုဘာ ၁၉ရက်မှ၂၆ ရက်(၁၃၆၉ခု သီတင်းကျွတ် လဆန်း ၈ရက်မှ လပြည့်နေ့)အထိ ပင့်သံဃာအပါး ၃၆ဝတို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းတို့ဖြင့် ဆက်ကပ် လှူဒါန်းပြီး အောက်တိုဘာ ၂၆ရက် နံနက်၉နာရီတွင် ရဟန္တာ၈ဝကျောင်းတိုက်အတွင်း ဓမ္မာရုံ၌ဆရာတော်ကြီး ကိုယ်တိုင်တရားဟောကြားပြီး မွန်းလွဲ ၂နာရီတွင် သိမ်ဝင်၍ မွန်းလွဲ၂နာရီခွဲတွင် ဆရာတော်၊ သံဃာတော်များအား သိမ်ဆင်းလောင်းလှူ၍ မဟာပဝါရဏာပွဲ ကျင်းပမည် ဖြစ်သည်။

လှူဒါန်းနိုင်

ထို့နောက် ဒဲ့ပရိသတ်များအား ခုနစ်ရက် ခုနစ်လီ သက်သတ်လွတ်ထမင်းဖြင့် စတုဒိသာ မဟာဒါနပွဲ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ဆရာတော်ကြီး၏ တပည့် ဒါယကာ၊ ဒါယိကာမများ လာရောက်ဖူးမြော် ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၆)**

ဟုမ္မလင်း ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး

ဟုမ္မလင်း စက်တင်ဘာ ၁၂

စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂ဝဝ၇)အခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ဦးမြတ်သိန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးချစ်ငွေက မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၏ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေကိုလည်းကောင်း၊ ဒေသကြီးသုံးခုဖြစ်သော ချင်းတွင်းမြစ် အထက်ပိုင်း၊ အောက်ပိုင်းနှင့် ဥရုမြစ်ရိုးတစ်လျှောက်ရှိ နယ်မြေမှူးသုံးဦးတို့က တစ်နှစ်တာအတွင်း နယ်မြေအလိုက် ရှေ့လုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ၂ဝဝ၇ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဂုဏ်ထူးရ ကျောင်းသားကျောင်းသူ ၁၂ဦး၊ ဘာသာရပ်များကို ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ၊ ဆရာမ၁ဝဦးနှင့် တစ်မြို့နယ်လုံးတွင် အောင်ချက်အကောင်းဆုံးဆုရ ကက်သာတွဲဖက်အထက်တန်းကျောင်းအပါအဝင် ဆုပေါင်း၂၅ဆုတို့ကို အသင်းတာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂ဝဝ၇-၂ဝဝ၈ ဘဏ္ဍာရေးနှစ် မြို့တွင်း ကတ္တရာလမ်းသစ်များခင်းခြင်းနှင့် လမ်း၊ တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မကွေးမြို့ မြင်သာရပ်ကွက် မြင်သာလမ်း ကတ္တရာလမ်းသစ်ခင်းခြင်းကို အမှုဆောင်အရာရှိ ဦးတင်နနှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြောင်းတကာသံမဏိစက်မှုဇုန် ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်းနိုင်မည် ပြည်ပမှ မှာယူတင်သွင်းရမှုများ လျော့နည်းကျဆင်းလာရန်မျှော်မှန်း စက်မှုဇုန်အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေး မျက်ခြည်မပြတ်ပံ့ပိုး

ရန်ကုန် စက်တင်ဘာ ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီးရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် မြောင်းတကာ သံမဏိစက်မှုဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကလိုအပ်သော သံချောင်းများ ထုတ်လုပ်ပေးနိုင်မည့် မြောင်းတကာ သံမဏိစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မှာကြားကာ တာဝန်ရှိသူအဆင့်ဆင့်၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ *

အောင်ပွဲရ မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် တွေ့ဆုံမေးမြန်းခြင်း

ရန်ကုန် စက်တင်ဘာ ၁၇

တွေ့ဆုံမေးမြန်းသူ ကိုထွေး

ဓာတ်ပုံမှတ်တမ်း တင်စိုး (မြန်မာ့အလင်း)

၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ချန်ပီယံဆုဖလား ဆွတ်ခူးရရှိခဲ့သော မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းမှ အဖွဲ့ခေါင်းဆောင် ဦးစိုးမြင့်လွင်၊ အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ် ဦးအေးကြူကြီး၊ အားကစားသမားများ ဖြစ်ကြသည့် မိုးမိုးဝါ၊ မာဂရက်မေရီ၊ ခင်မာလာထွန်း၊ ခင်မိုးဝေနှင့် မြင့်မြင့်အေးတို့အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

ဦးစိုးမြင့်လွင်(အဖွဲ့ခေါင်းဆောင်)

မေး– ထိုင်းကိုနိုင်ပြီး ဖိုလ်စွဲတာအပေါ် ဘယ်လိုကောက်ချက်ချလဲ။

ဖြေ– အဓိကပရိသတ်ရဲ့စစ်မှန်တဲ့အားပေးမှုပါပဲ။ တစ်ဖက်အသင်းကို နစ်နာစေတာမဟုတ်ဘဲ ကိုယ့်အသင်းကို သန့်သန့်ရှင်းရှင်းအားပေးခဲ့တာ အောင်မြင်မှုတစ်ရပ်ပါပဲ။

မေး– ထိုင်းအသင်းက ခြေစွမ်းထက်တယ်နော်။

ဖြေ– ပွဲဦးထွက်မှာ ထိုင်းအသင်းကို တော်တော်လေးအထင်ကြီးတယ်။ ဗိုလ်လုပွဲမှာ ထိုင်းနဲ့တွေ့မယ်လို့လဲ အားလုံးကိုပြောခဲ့တယ်။ ထိုင်းအသင်း ကောင်းပေမယ့် ကျွန်တော်တို့အသင်းလဲ Skill ပိုင်းမှာ လိုက်မီလာတာ တွေ့ရတယ်။

မေး– ရှေ့တန်း အားနည်းတယ်နော်။

ဖြေ– မှန်ပါတယ်၊ အားနည်းပါတယ်။ အရင်က ကစားခဲ့တဲ့ တိုက်စစ်မှူး မာလာဝင်းတို့လို အရပ်မြင့်ပြီး ဖြတ်ထိုးဉာဏ်ကောင်းတဲ့ ကစားသမားမျိုး၊ Talent ကောင်းတဲ့ ကစားသမားမျိုး လိုအပ်ပါတယ်။

မေး– ဘောလုံးနဲ့ ပတ်သက်ပြီး အမြင်တစ်ခု။

ဖြေ– ဘောလုံးပွဲတစ်ပွဲမှာ နိုင်အောင်ကစားဖို့ အင်မတန်ခက်တယ်။ မရှုံးအောင် ကစားဖို့လွယ်တယ်။ ဒါကြောင့်လဲ ဖီဖာက ပယ်နယ်တီနဲ့ အဆုံးအဖြတ်ယူဖို့ စီစဉ်တာပါ။

မေး– မြန်မာအသင်းကို ဘာတွေပြင်ဖို့လိုမလဲ။

ဖြေ– လာမယ့်ဆီးဂိမ်းမှာ ရွှေရဖို့ဆိုရင် အစွန်လူတွေ ပြင်ရမယ်။ တိုက်စစ်မှူးတွေ ဒီလောက်အဆင့်နဲ့ မရသေးဘူး။

ဦးအေးကြူကြီး (နည်းပြချုပ်)

မေး– အသင်းရဲ့အားနည်းချက်ကို ဘာများတွေ့ပါလဲ။

ဖြေ– ဒီပြိုင်ပွဲမတိုင်မီ နိုင်ငံတကာပွဲတွေမှာ စိတ်လွတ်လက်လွတ်နဲ့ ကစားတာ အားရကျေနပ်တယ်။ အိမ်ရှင်ပရိသတ်ရှေ့ရောက်မှ စိုးရိမ်စိတ်များပြီး လေ့ကျင့်ထားတဲ့ Team Form မဝင်ခဲ့ဘူး။

မေး– ဗိုလ်လုပွဲမှာ လူစားလဲတာ မှန်တယ်နော်။

ဖြေ– ဘောလုံးအသင်းတစ်သင်းကောင်းဖို့ အရန်အင်အား ကောင်းဖို့လိုပါတယ်။ အတွေ့အကြုံအရ အနိုင်ရလိုမှု၊ ပြင်းပြမှုရှိတာကို ယုံကြည်တယ်။ ဒါကြောင့် လူစားလဲတဲ့နေရာမှာ စိတ်အနှောင့်အယှက်မရှိဘဲ ရဲရဲတင်းတင်းလဲခဲ့တာပါ။

မေး– ဗိုလ်လုပွဲမကစားခင် စိတ်လှုပ်ရှားမှု။

ဖြေ– ဗိုလ်လုပွဲမကစားခင်မှာ ထူးထူးခြားခြား စိတ်လှုပ်ရှားမှုမရှိဘူး။ နိုင်မယ်ဆိုတဲ့စိတ် ကိန်းအောင်းနေတယ်။

စာမျက်နှာ ၉ ကော်လံ ၁ ●

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မြောင်းတကာ သံမဏိစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဧရာဝတီနှင့် ဒုဋ္ဌဝတီ မြစ်ရေကြီးနိုင်မည့် သတိပေးချက်

နေပြည်တော် စက်တင်ဘာ ၁၇

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် စင်တီမီတာ ၁၆၇၀နှင့် ၁၆၅၆စင်တီမီတာသို့ အသီးသီးရောက်ရှိနေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း မင်းဘူးမြို့နှင့် မကွေးမြို့တို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၇၀၀သို့ ရောက်နိုင်ဖွယ်ရာရှိသည်။

ဟင်္သာတနှင့် စစ်ကိုင်း

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ စစ်ကိုင်းမြို့တွင် ၁၁၅၅စင်တီမီတာနှင့် ဟင်္သာတမြို့တွင် ၁၃၄၃စင်တီမီတာသို့ အသီးသီးရောက်ရှိနေကြပြီး စိုးရိမ်ရေမှတ်အထက်၌ စစ်ကိုင်းမြို့တွင် ၅ စင်တီမီတာနှင့် ဟင်္သာတမြို့တွင် ၁ စင်တီမီတာ ကျော်လွန်နေကြသည်။

အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း စစ်ကိုင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၁၅၀နှင့် ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

မြစ်ငယ်

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၉၇စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၇စင်တီမီတာ ကျော်လွန်နေသည်။

အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။

(မြန်မာ့အလင်း)

18-9 (20) 1 9/18/07, 2:25 AM